**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူး၊ သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၈)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခုဖြစ်**






**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၄** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်)

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရည်မြင့်မားရေး

ပညာရေးသည် လူမှုအဖွဲ့အစည်းရှင်သန်မှု၏ အသက်ဝိညာဉ်ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ဖွံ့ဖြိုးမှု၊ တိုးတက်မှုများဆက်လက်ရှင်သန်ရန် ပညာရေးကစွမ်းဆောင်နိုင်သည်။ လူတစ်ဦးချင်းမှသည်လူ့အဖွဲ့အစည်းအားလုံး၏ ဖွံ့ဖြိုးမှုမဏ္ဍိုင်မှာလည်းပညာရေးသာဖြစ်သည်။ လူသားတို့၏မွေးရာပါအရည်အသွေးကောင်းများကိုပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ထက်မြက်လာစေရန် လေ့ကျင့်ပေးသည့်လုပ်ငန်းမှာလည်း ပညာရေးသာဖြစ်သည်။ ပညာရေးအဆင့်အတန်းမြင့်မားသည့် လူ့အဖွဲ့အစည်းတိုင်းသည် ကမ္ဘာ့ထိပ်တန်း၌ ရှိကြသည်။ ပညာရေးအဆင့်အတန်းနိမ့်ကျသောနိုင်ငံနှင့်လူမျိုးသည် ဖွံ့ဖြိုးမှုအားနည်းသည့်အခြေအနေတွင်သာ ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မိမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍမြင့်မားရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ ဖွင့်လှစ်ပေးနေခြင်းလည်းပါဝင်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Naypyitaw State Polytechnic University ကို၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က စတင်ဖွင့်လှစ်ပြီဖြစ်သည်။ Naypyitaw State Polytechnic University သည် နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်သည့်အတွက် သင်ကြားရေးပိုင်းဆိုင်ရာတွင်သာမက အဆောက်အအုံပိုင်းဆိုင်ရာများတွင်လည်း အကောင်းမွန်ဆုံးတည်ဆောက်ထားသည်။ ကျောင်းဥပမိရုပ်ကောင်းမွန်စေရေးဆောင်ရွက်ထားပြီး သစ်ပင်ပန်းမန်များကိုစနစ်တကျထည့်သွင်းစိုက်ပျိုးထားလျက်ရှိသည်။ Naypyitaw State Polytechnic University ရှိ Theatre ခန်းမများ၊ စာသင်ခန်းများ၊ ICT နည်းပညာများကိုအသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှုဆောင်ရွက်နိုင်ရန်များ၊ အလုပ်ရုံနှင့်ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများကိုလည်း စီစဉ်ထားရှိပြီးဖြစ်သည်။

ယခုဖွင့်လှစ်ပေးသည့် Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများစိတ်ဝင်စားမှုရှိသည့်တက္ကသိုလ်တစ်ခုဖြစ်သည်။ တက္ကသိုလ်ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်ထားပြီးဖြစ်သည်။ လက်ရှိလက်ခံနိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေနှင့် ဆရာ၊ ဆရာမ အရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့်အရေအတွက်များအတွက်လည်း ကြိုတင်တွက်ချက်စဉ်းစားဆောင်ရွက်ထားခြင်းဖြစ်သည်။

လူသားများ၏ဘဝသည် အသိပညာ၊ အတတ်ပညာပြည့်စုံမှုရှိ၊မရှိပေါ်တွင်မူတည်ပြီး ကွာခြားမှုများ၊ ပြောင်းလဲမှုများရှိနေခြင်းပင်ဖြစ်သည်။ ငယ်စဉ်ကတည်းကပညာကိုတစိုက်မတ်မတ်ဖြင့် ဆုံးခန်းတိုင်အောင်သင်ယူနိုင်ကြပါက ဘဝအတွက်ပိုမိုအကျိုးရှိမည်ဖြစ်သည်။ပညာတစ်စိတ်တစ်ပိုင်းဖြင့် ကျောင်းထွက်ကြရပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာကိုဆုံးခန်းတိုင်မသင်နိုင်ကြပါက ပညာပြည့်ဝသင့်သလောက်မပြည့်ဝနိုင်ဘဲ ဘဝတွင်လိုအပ်ချက်များရှိနေကြရမည်ပင်ဖြစ်သည်။ မိမိတစ်ဦးချင်း၏လူမှုဘဝတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကိုအလေးထားသင်ကြားကြရမည်ဖြစ်သည်။ ပညာတတ်များပေါ်ကြွယ်ဝမှသာ နိုင်ငံ၏ဖွံ့ဖြိုးမှုများလည်း တိုးတက်လာမည်ဖြစ်သည်။

နေပြည်တော်သည် နိုင်ငံ၏မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် Green City, Clean City, Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်ကိုပညာရေးမြို့တော်ဖြစ်လာစေရန်ရည်ရွယ်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် အဆင့်မြင့်ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်အတွက် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် Naypyitaw State Polytechnic University ကို တည်ဆောက်ထားခြင်းဖြစ်ရာ အဆိုပါတက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံနှင့်ကွန်ပျူတာနည်းပညာဘာသာရပ်များကိုပါ တိုးချဲ့သင်ကြားပေးနိုင်ရေးဆောင်ရွက်ထားရှိသည်။ ပညာရေးသည်လူသားတို့ဘဝတစ်လျှောက် မရှိမဖြစ်ဖြည့်ဆည်းထားရမည့်အရာဖြစ်သည်။ ပညာတတ်မှသာလူရာဝင်သည်ဆိုသည့်အတိုင်း ပညာတတ်များ များပြားမှသာနိုင်ငံတော်သည်လည်း ကမ္ဘာ့အလယ်တွင်တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက်(၉)ရပ်၊ လူမှုရေးဦးတည်ချက်တွင် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး”** စသည့်ဦးတည်ချက်များလည်းပါဝင်ပြီး လူငယ်နှင့်ပညာရေးကဏ္ဍကို သိသိသာသာမြှင့်တင်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ၏လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကဏ္ဍမြင့်မားရေးအတွက် Naypyitaw State Polytechnic University ဖွင့်လှစ်ခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၁၀။ | ၁၂:၄၀ | မြန်မာ့ရှုခင်း |
| ၂။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၀၇:၁၅ | မေတ္တာပို့ | ၁၂။ | ၁၃:၅၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄။ | ၀၇:၂၅ | ဓမ္မပူဇာတေး | ၁၃။ | ၁၆:၁၅ | မျိုးချစ်တပ်မတော် |
| ၅။ | ၀၇:၃၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၄။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၀၇:၄၀ | မျိုးချစ်တပ်မတော် | ၁၅။ | ၁၈:၀၀ | အမျိုးသားရေးတေးကဗျာ |
| ၇။ | ၀၈:၂၅ | နှစ်(၇၀)ကျော်ကြားတေးများ | ၁၆။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး** |
| ၈။ | ၁၀:၁၀ | အမျိုးသားရေးတေးကဗျာ | | | **တရုတ်-မြန်မာအခန်းကဏ္ဍ** |
| ၉။ | ၁၂:၃၀ | မြန်မာသံစဉ်ချိုနှားဝင် | | | **အပိုင်း(၉/၁၀)** |


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ရရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင်ဆရာကြီးဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့အား ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ကြည်မင်းဝေ ရေးသားသည့် **စစ်သူကြီးမဟာမင်းထင်နော်ရထာ** စာအုပ် (ဖိုးဝစာပေတိုက်)၊ ဝတ္ထုတိုဆုတွင် မနှင်းဖွေးရေးသားသည့် **လောကပြတင်းမဂ္ဂဇင်းဝတ္ထုများ** စာအုပ် (လင်းလွန်းခင်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် စဆနိုင် ရေးသားသည့် **အမေပေးသော ကဗျာများ** စာအုပ် (စာပေဗိမာန်)၊ စာပဒေသာဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **အမေ့အပြုံးနှင့်အဖေ့မျက်ရည်**စာအုပ် (မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆုတွင် ဉာဏ်လင်းတင့်ရေးသားသည့် **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ**စာအုပ် (ဦးသန်းမြင့်စာပေတိုက်)၊ ကလေးစာပေဆုတွင် ပုလောစိုးနံ့သာရေးသားသည့် **စက္ကူလေယာဉ်ပျံကလေးကဗျာများ**စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ လူငယ်စာပေဆုတွင် ကပ္ပတိန်သာစိန် ရေးသားသည့် **ဘဝခရီးသွား လူငယ်များသို့** စာအုပ် (ငွေကောင်းကင်စာအုပ်တိုက်)၊ ဘာသာပြန်(သုတ)ဆုတွင် မင်းအောင်မင်းရေးသားသည့် **မှေးမှိန်လာသော အမေရိကန်ရာစုနှစ်** (ယဉ်မျိုးစာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပျံချီရေးသားသည့် **ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ** စာအုပ် (ပပဝင်းစာပေတိုက်)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **နျူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ**စာအုပ် (စွယ်စုံစာပေတိုက် )၊ သုတပဒေသာ(အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာတင်ထွန်းဦးရေးသားသည့် **ဇရာကိုရင်ဆိုင်ခြင်းအနုပညာ**စာအုပ် (ဦးမျိုးဆင့်စာပေတိုက် )၊ နိုင်ငံရေးစာပေဆုတွင် နေဇင်လတ် ရေးသားသည့် **အတွေးအမြင်**စာအုပ် (မြဝတီစာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Terence Tan ရေးသားသည့် **Ancient Beads and Jewellery of Myanmar** စာအုပ် (DUYA SARPAY စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် နေမျိုးရေးသားသည့် **မိုးဘိုင်စကုတ်** စာအုပ်(ငါတို့စာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် သုတေသီမောင်မောင်ရေးသားသည့် မဟာဂီတပေါင်းချုပ် **စွယ်စုံကျမ်း** စာအုပ် (လမင်းလေးစာပေတိုက်)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကိုတစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှအတွေ့အကြုံရှိသူများ ပါဝင်သောပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်းသိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ညိမ်းညို၏ **စာမျက်နှာတချို့**၊ ဒုတိယဆုကို ချစ်ညွန့်ကျော်၏ **ကွယ်လေးရဲ့မောင့်ခြုံထည်တန်းသွယ်လို့မိုး**၊ တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ **ကျွန်တော်တို့ သားအမိ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို လွမ်းနိုနို(ဘော်မြေ)၏ **မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာမြေအောက်ကမ္ဘာနှင့် ဝတ္ထုတိုပေါင်းချုပ်**၊ တတိယဆုကို ရဲမင်းစိုး၏ **မုန်တိုင်းကိုမမှုအံတုလေသော်နှင့် အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခက်လှိုင်းကျော်၏ **စိတ်တစ်ဆင်စာ ကဗျာများ**၊ ဒုတိယဆုကို ရွှန်းညို (တာချီလိတ်)၏ **ရှမ်းရှေ့မြေရနံ့နှင့် ကဗျာစုများ**၊ တတိယဆုကို မောင်ချိုဝေ၏ **ယာထဲကကြေးစည်သံနှင့် လက်ရွေးစင်ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို မြန်စာမြေသိန်းလွင်၏ **ပျို့စာဆိုဦးနိုး၏ ဘဝနှင့်စာပေ**၊ ဒုတိယဆုကို အရှင်ရေဝတ(ရွှေကွမ်းသား)၏ **သမိုင်းမော်ကွန်း ရည်ညွှန်းသက်သေတွံတေးမြေ**၊ တတိယဆုကို မောင်သာ(ရေးဟောင်းသုတေသန)၏ **ပရိုင်းမိတ်မှ ပျူသို့ ယဉ်ကျေးမှုအထောက်အထားများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို ဒေါက်တာကောင်းစံ၏ **စားသုံးသူများ၏ ကျန်းမာရေး၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ပေးနှင့်** တတိယဆုတွင် ဒေါက်တာချိုနိုင်(အေးချမ်းရိပ်)၏ **အလေးအနက်ထားစရာလျစ်လျူရှုခံရောဂါများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို အန်ကယ်ပညာ၏ **မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှစာတမ်းငယ်များ**၊ ဒုတိယဆုကို အောင်(လွန်ဆေး)၏ **ပြိုင်တူတွန်းသောအရွေ့နှင့်ဘဝတစ်ကွေ့အမှတ်တရစာစုများ**၊ တတိယဆုကို မောင်လှကျော်(ပန်းတောင်း)၏ **ရွှေဂေဟာမှူး၏ ပေးကူလမ်းပြ ဘဝမြေပြင်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **ပျိုလေးကြိုလှည့်ပွဲ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင်ပထမဆုကို ကနောင်နိုင်နွယ်ဦး၏ **လမင်းမျက်နှာပန်းမျက်နှာ ကလေးကဗျာများ**၊ ဒုတိယဆုကို အင်ကြင်းမေ၏ **စိတ်ကောင်းနှင့်ယှဉ်ရေးရှုနှင့်ကလေးဝတ္ထုတိုများ**၊ တတိယဆုကို ညိမ်းညို၏ **ရင်သွေးရတနာ ကလေးကဗျာများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို သားညိုမောင်၏ **ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန်ုတောင်ပံ သန်သလေလေ့**၊ ဒုတိယဆုကို မောင်ညိုလွဲ(အညာမြေ)၏ **လောကစံကြို့မဖြုံစတမ်းပေါ့**၊ တတိယဆုကို နောင်အံ့လူ၏ **တောင်အရပ်မှာ ဓူဝံကြယ်** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း)၏ **ဓာတိမာန်စာဆို ပုဂ္ဂိုလ်ကျော်များ**၊ ဒုတိယဆုကို မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)၏ **လွတ်လပ်ရေးကြေညာစာတမ်းကိုလေ့လာဖွင့်ဆိုချက်** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို နေစိုးသော်၏ **ချစ်ပန်းမှုံနှင့်** တတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၏ **မျဉ်းပြိုင်ကမ်းလက်** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒီပံလင်း၏ **ကပ်ရောဂါဘေးကင်းစေရေး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han ၏ **Significant Cultural Information about Pyu Ancient Cities** စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ခုနစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၃ ခုနှစ်ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၄ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့်(၅x၈)လက်မရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှတစ်ပတ်အတွင်း) ပေးပို့ရန်နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ်နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည့်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့်ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၄ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၄ ရက် နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

သရက်တောင်ရွာ၏ တောင်ဘက်အစွန်တွင် အ.လ.က သရက်တောင်ဟူ၍ရှိပေသည်။ ဤကျောင်းတွင် ကျွန်တော်သည် အ.မ.က အဆင့်တွင်လည်းကောင်း၊ အ.လ.က အဆင့်တွင်လည်းကောင်း မူလတန်းပြဆရာတာဝန်ထမ်းဆောင်ခဲ့သည်။ ယခု ရွာ၏မြောက်ဘက်စွန်းတွင် အ.မ.က သရက်တောင်(မြောက်)ကို ဖွင့်လှစ်လိုက်ရာ ကျောင်းစဖွင့်သည့်ကာလဖြစ်၍ သူငယ်တန်းမှ ဒုတိယတန်းအထိ သင်ကြားခွင့်ပြုထားပြီး မြို့နယ်ပညာရေးမှူး၏ညွှန်ကြားချက်ဖြင့် ကျွန်တော်တို့ အ.မ.က သရက်တောင်(မြောက်)တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်အထိ ရရှိခဲ့သည်။ ဆရာကတော့ ကျောင်းအုပ်ကျွန်တော် ဦးဘညွှန့်နှင့် လက်ထောက်ဆရာမ ဒေါ်တင်ရွှေ(မူလတန်းပြ) တို့ပဲရှိကြသည်။

၁၉၈၆-၁၉၈၇ ပညာသင်နှစ်တွင် တတိယတန်းအထိရှိလာခဲ့ပြီး လယ်ပြ(၂) ဆရာတစ်ဦး ထပ်တိုးလာခဲ့သည်။ ၁၉၈၇-၁၉၈၈ တွင်တော့ စတုတ္ထတန်းအထိရှိလာခဲ့ပြီး ကျောင်းသားအရေအတွက်၊ စာသင်ခန်းအရေအတွက် တိုးလာခြင်းတို့ကြောင့် စာသင်ခန်းမလုံလောက်တော့ချေ။ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်အထိတိုးလာခဲ့ပြီး ဆရာ၊ ဆရာမ အင်အားလည်း နောက်ထပ်လေးဦးအထိ တိုးလာခဲ့သည်။

ဤသို့ ကျောင်းသားအင်အားတိုးလာမှုကြောင့် ကျောင်းအုပ်ကြီးကျွန်တော့်မှာ ကျောင်းပိတ်ရက်ဟူ၍ မရှိတော့ချေ။ တစ်ပတ်လုံးလုံး စာသင်ချိန်အတွင်း မျောက်ဘိုးအေတို့၏အစွမ်းကြောင့် လျှော့ရဲရဲ ကြမ်းပေါက်တွေ ကျွံကျ၊ ခနီ၊ ထရံတွေကွာကျ စသည်ဖြင့် ပျက်စီးမှုပေါင်းစုံ ကြုံခဲ့သည်။ ကျောင်းသားမိဘများမှာလည်း အချိန်အခါမရွေး အားနေကြသူများမဟုတ်ကြ။ ထို့ကြောင့် ကိုယ်ချင်းစာ အားနာစိတ်ကြောင့် သူတို့ကိုလည်း မခေါ်ရဲတော့ပေ။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များဆို ကျွန်တော်ကိုယ်တိုင်ပဲ ကြမ်းရက်သည်၊ ကြမ်းဖာသည်၊ နှီးချည်သည်၊ ထရံကာသည် စသည်ဖြင့် ကျောင်းမှုကိစ္စ ဗာဟီရများကို အမြဲလုပ်ကိုင်လေ့ရှိသည်။

၁၉၈၈ ခုနှစ် အရေးအခင်းပြီး၍ ကျောင်းများပြန်လည်ဖွင့်လှစ်ခွင့်ရသည့်အချိန်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေပြေ စာသင်နိုင်ရေးအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန် ကျွန်တော်စိုင်းပြင်းရတော့သည်။ မြို့နယ်သို့ နှစ်စဉ်တင်ပြခဲ့သော်လည်း ရွှေငုံးမင်းအမြီးမျှော်သလိုသာ ဖြစ်နေခဲ့ပေသည်။ ဤလိုပုံနှင့် မိုးကြီးချုပ်တော့မည်ဖြစ်၍ ကျွန်တော်သည် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ထံတင်ပြပြီး ရွာမြောက်ပိုင်းရပ်ကွက်တစ်ခုလုံးအား အစည်းအဝေးခေါ်စေလိုက်၏။ အစည်းအဝေးတွင် ကျောင်းဖြစ်မြောက်ရေးကော်မတီဖွဲ့သည်။ မိမိဆန္ဒအလျောက် အလှူငွေထည့်ကြရန် မေတ္တာရပ်ခံကြသည်။ ရွာထဲသို့ဝင်ပြီး နည်းတန်များရောက် အလှူငွေကောက်ခံကြသည်။ စပါးပေါ်ချိန်ဖြစ်၍ လှေကလေးဖြင့် ချောင်းရိုးအတိုင်းလှော်ဆင်းပြီး လယ်ကွင်းထဲနေ လယ်သမားများထံမှ စပါးအလှူခံသည်။

> **"တစ်ပတ်လုံးလုံး စာသင်ချိန်အတွင်း မျောက်ဘိုးအေတို့၏အစွမ်းကြောင့် လျှော့ရဲရဲ ကြမ်းပေါက်တွေ ကျွံကျ၊ ခနီ၊ ထရံတွေကွာကျ စသည်ဖြင့် ပျက်စီးမှုပေါင်းစုံ ကြုံခဲ့သည်။ ကျောင်းသားမိဘများမှာလည်း အချိန်အခါမရွေး အားနေကြသူများမဟုတ်ကြ။ ထို့ကြောင့် ကိုယ်ချင်းစာ အားနာစိတ်ကြောင့် သူတို့ကိုလည်း မခေါ်ရဲတော့ပေ။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များဆို ကျွန်တော်ကိုယ်တိုင်ပဲ ကြမ်းရက်သည်၊ ကြမ်းဖာသည်၊ နှီးချည်သည်၊ ထရံကာသည် စသည်ဖြင့် ကျောင်းမှုကိစ္စ ဗာဟီရများကို အမြဲလုပ်ကိုင်လေ့ရှိသည်. . ."**

မြို့နယ်က ဌာနဆိုင်ရာတာဝန်ရှိသူတွေ ရွာသို့ရောက်လာလျှင်လည်း ကျွန်တော်ကိုယ်တိုင် အကျိုးအကြောင်းကိုတင်ပြပြီး ကူညီပါရန် မေတ္တာရပ်ခံသည်။ ကျွန်တော်ပဲ ဗိသုကာ ဒါရိုက်တာလုပ်ပြီး ရွာထဲက အပျို၊ လူပျိုများ၊ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အ.မ.က သရက်တောင်(မြောက်)မှ ကျောင်းသား၊ ကျောင်းသူတချို့ကိုခေါ်ယူပြီး ဗိသုကာ ဒါရိုက်တာလုပ်သည်။ ဆရာ၊ ဆရာမများကလည်း တတ်သမျှ မှတ်သမျှ အနုပညာအလုပ်လေးများကို ထုတ်ပြအသုံးချပြီး သင်ပြကြ၏။ အခြေအနေအဆင်ပြေလောက်သည့်အချိန်တွင် ရွာလယ်ဘုန်းကြီးကျောင်းဝင်းကွင်းပြင်၌ ဗိသုကာစင်ထိုးပြီး ပဒေသာကပွဲခင်းကျင်းပြသသည်။ ယိမ်းအဖွဲ့ကကွက်များ၊ အော်ပရာ၊ ပြဇာတ်နှင့်မြိုင်ထနှစ်ပါးသွားအထိ ကကွက်တစ်ကွက်ပြီးတစ်ကွက်၊ ပြကွက်တစ်မျိုးပြီးတစ်မျိုး မရိုးအောင် အသုံးတော်ခံကြသည်။ ဗိသုကာစင်ကို ရွာသားလုပ်အားဖြင့် ဆောက်လုပ်ကြပြီး ကန့်လန့်ကာကတော့ ရွာမှာ ယခင်က ဘုံပိုင်ပစ္စည်းအဖြစ် ရှိနေပြီးဖြစ်သည်။ တူရိယာများမှာလည်း ရွာဘုံအဖြစ်ဝယ်ထားပြီးဖြစ်သည်။ တီးမှုတ်သူများမှာလည်း ရွာသားများထဲကပဲ တတ်သလောက် မှတ်သလောက်လေးဖြင့် ကူညီတီးမှုတ်ပေးကြသည်။ မီးစက်နှင့်လိုအပ်သည်များကိုတော့ ဆရာတော်ကျောင်းတွင်ရှိသောပစ္စည်းများကို အသုံးပြုကြသည်။ မှတ်မိသေးသည်၊ ကျွန်တော်တို့ကျောင်းရန်ပုံငွေပဒေသာကပွဲအတွက် အိမ်ထောင်စုတစ်စုလျှင် ၇၅ ပြား(သုံးမတ်) စီ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ကောက်ခံပေးပါသည်။ ရွာသားများအနေဖြင့်လည်း ပျော်ပွဲရွှင်ပွဲလုပ်ပေးပြီး ကောက်ခံခြင်းဖြစ်၍ ကျေကျေနပ်နပ်ထည့်ဝင်ပေးကြသည်။

ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာ သရုပ်ဖော်ကကွက်ကို စနစ်တကျသင်ပြပေးသော ဆရာမဒေါ်ခင်ဝင်း(မာန်အောင်ကျွန်းသူ)ကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ဒေါ်ခင်ဝင်းမှာ အ.ထ.က သစ်ပုံရွာ မာန်အောင်မြို့နယ်၌ (ထက်/အုပ်)တာဝန်ထမ်းဆောင်ရင်း ၂၀၁၅ ခုနှစ်တွင် အငြိမ်းစားယူသွားကြောင်း သိရပါသည်။

ဆရာဦးစောမောင်လှ (ကမ်းထောင်းကြီးရွာဇာတိ) သည်လည်း ကျွန်တော်နှင့်အတူ တွဲဖက်အလယ်တန်းကျောင်းတွင် ပေးဆပ်အနစ်နာခံပြီး ဆောင်ရွက်ခဲ့ရုံမျှမက အ.မ.က သရက်တောင်(မြောက်) ဆောက်လုပ်ရေးအတွက် ရန်ပုံငွေရရှိရေးပဒေသာကပွဲ ကပြရာတွင်လည်း ပညာရေး သရုပ်ဖော်ပြဇာတ်များကို စီစဉ်ပေးသည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

● ● ● ● ● ● ●

နွေကျောင်းပိတ်ချိန်တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် ရန်ပုံငွေအတန်အသင့် လက်ဝယ်ရရှိထားပြီးဖြစ်သည်။ ကျေးရွာ၏ဆုံးဖြတ်ချက်ဖြင့် ကျွန်တော်ကိုယ်တိုင် ကျောင်းဆောက်လုပ်ခွင့်ကို မြို့နယ်ပညာရေးမှူးထံ လျှောက်လွှာတင်ပြီး မြို့နယ်ငြိမ်ဝပ်ပိပြားရေးအဖွဲ့သို့ မိတ္တူပေးထားခဲ့သည်။ သို့ဖြစ်၍ ကျွန်တော်တို့မှာ ကျောင်းဆောက်လုပ်ခွင့်နှင့် သစ်သယ်ယူခွင့်ပါမစ်ကိုပါ သက်ဆိုင်ရာများထံမှ ရရှိထားပြီးဖြစ်သည်။

မိုးဦးရာသီ ကျောင်းဖွင့်ချိန်တွင် ကျောင်းသားဦးရေနှင့် လိုက်လျောညီထွေဖြစ်မည့် ကျောင်းဆောင်တစ်ဆောင်ရရှိရေးသည် ကျောင်းအုပ်ဆရာကြီးကျွန်တော်၏ အသိအိမ်တွင် ခိုင်ခိုင်မြဲမြဲရှိနေခဲ့လေသည်။ သို့ဖြစ်၍ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးပြုလုပ်ပြီး ဦးစံဖေနှင့်ကျွန်တော် သစ်ဝယ်ယူရရှိရေးအတွက် အမ်းမြို့နယ် တောင်စဉ်ကမ်းဘက်သို့သွားရန် ဆုံးဖြတ်လိုက်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြန်အောင်မြို့နယ်၌ ပျားမွေးမြူရေး အခြေခံသင်တန်းဖွင့်လှစ်

မြန်အောင် နိုဝင်ဘာ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ နိုဝင်ဘာလ ၂၁ ရက်တွင် ပျားမွေးမြူရေး အခြေခံသင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က ဆီထွက်သီးနှံနှင့်တခြားသီးနှံများ အထွက်တိုးစေရန်၊ ဝတ်မှုန်ကူးဝန်ဆောင်မှုတိုးမြှင့်ရန်နှင့် ပျားများကို စနစ်တကျမွေးမြူထုတ်လုပ်နိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် စနစ်တကျသင်ကြား၍ ဆီထွက်သီးနှံများ တိုးတက်ထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ကြပြီး ပျားမွေးမြူရေးနည်းပညာများကို တောင်သူများထံ ပြန်လည်ဖြန့်ဝေပေးရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပျားမွေးမြူရေးပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငွေက သင်တန်းတွင်ပို့ချပေးမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ကျွန်းစု နိုဝင်ဘာ ၂၁



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို နိုဝင်ဘာလ ၂၁ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှေ့၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်စိုးမောင်က မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်များ၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရေစိုအဝတ်ဖြင့်ဖုံးအုပ်၍ မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ဂက်စ်အိုး စနစ်တကျအသုံးပြုနည်းတို့ကို ပညာပေးသရုပ်ပြကြပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်ငြိမ်းသတ်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ငွေနှင့် တာဝန်ရှိသူများ၊ ဈေးသူဈေးသားများက ကြည့်ရှုကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်ပြီး ဈေးအတွင်း ရေပေးဝေမှုနှင့် မီးသတ်ဆေးဘူးများ ထားရှိမှုအခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေးကျင်းပ





နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆)အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အခြေခံစားသောက်ကုန်စျေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ပုံသေဝင်ငွေရရှိသော လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ နေရာဒေသအချို့တွင် ရေကြီးမှုများကြောင့် မိုးစပါးစိုက်ဧကများ ထိခိုက်ပျက်စီးခဲ့သဖြင့် စပါးစိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှု၊ အရန်ဆန်နှင့် ပြည်ပတင်ပို့မှုစသည်တို့ကို စနစ်တကျ တွက်ချက်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ဆောင်ရွက်ပေးသင့်သည့် ရေတို၊ ရေရှည်အစီအမံများကို ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအပါအဝင် အခြေခံစားသောက်ကုန်များစျေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံစားသောက်ကုန်စျေးနှုန်းများတည်ငြိမ်စေရေး ဆောင်ရွက်ချက်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီ စသည့်အရေးကြီးကုန်စည်များနှင့်စပ်လျဉ်းပြီး နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲနှင့်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကိုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ်ဩဂုတ်လ ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ စျေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှုအဝင်အထွက်မှန်ကန်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

(၅၀၀)

# စပါးစိုက်တောင်သူများအား လက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder အလက် ၅၀၀ ဖြန့်ဖြူးပေးမည်



မကွေး နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီးအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ယခုဘဏ္ဍာနှစ်တွင် လက်ဆွဲမျိုးစေ့ချကိရိယာ Manual Drum Seeder Type 2 အမျိုးအစားအလက် ၅၀၀ ကို နွေစပါး စိုက်ပျိုးရာသီအမီ ဒေသအတွင်းရှိ စပါးစိုက်တောင်သူများ အသုံးပြုနိုင်ရန် ဖြန့်ဖြူးပေးအပ်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် လက်ဆွဲမျိုးစေ့ချကိရိယာ Manual Drum Seeder Type 2 အမျိုးအစားများကို ဖြန့်ဖြူးပေးရာတွင် မကွေးခရိုင် နတ်မောက်မြို့နယ်၌ ၂၅ လက်၊ မြို့သစ်မြို့နယ်၌ ၇၆ လက်၊ တောင်တွင်းကြီးမြို့နယ်၌ ၈၆ လက်၊ မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ၄၁ လက်၊ ပွင့်ဖြူမြို့နယ်၌ ၈၆ လက်၊ စလင်းမြို့နယ်၌ ၅၁ လက်၊ စေတုတ္တရာမြို့နယ်၌ လေးလက်၊ ငဖဲမြို့နယ်၌ ကိုးလက်၊ သရက်ခရိုင် သရက်မြို့နယ်၌ ၁၄ လက်၊ မင်းတုန်းမြို့နယ်၌ ၁၅ လက်၊ မင်းလှမြို့နယ်၌ ၁၀ လက်၊ ကံမမြို့နယ်၌ ၂၂ လက်၊ အောင်လံခရိုင် အောင်လံမြို့နယ်၌ ၄၆လက်နှင့် ဆင်ပေါင်ဝဲမြို့နယ်၌ ၁၅ လက် စုစုပေါင်းအလက် ၅၀၀ ကို တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် ယခုနှစ်နွေစပါးစိုက်ပျိုးချိန်ရာသီအမီဖြန့်ဖြူးပေးအပ်မည်ဖြစ်သည်။

စပါးစိုက်တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် လက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder ကို အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးနည်းစနစ် မမှန်ကန်သည့် ပက်ကြဲစနစ်ပပျောက်ကာ မျိုးစေ့ကုန်ကျမှု သက်သာခြင်း၊ စပါးစိုက်ပျိုးစရိတ်သွင်းအားစု (ကောက်စိုက်သမ လုပ်အားခ) နှင့် လုပ်သားရှားပါးမှုကို ကျော်လွှားနိုင်ခြင်း၊ တမန်းပေါ်တွင် မျိုးစေ့အကျ မှန်ကန်ပြီး စပါးအပင်ပေါက်ညီကာ အတန်းကြားအကွာအဝေးညီခြင်းနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်သည့်အတွက် စပါးတစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်စွာရရှိစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် ယခုနှစ်မိုးစပါးကို ၆၃၀၃၇၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် နွေစိုက်ပျိုးရာသီတွင် ၅၆၂၀၅ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## “ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်” အား ထုတ်ပြန်ထားကြောင်း အသိပေးကြေညာခြင်း

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

၁။ ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ပိုင်ဆိုင်သူသည် www.myro.com.mm တွင် သတ်မှတ်ထားသည်နှင့်အညီ မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက **“ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်”**အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အမိန့်အမှတ် ၈၂ / ၂၀၂၄ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ ဤအမိန့်ထုတ်ပြန်ပြီး နှစ်လပြည့်မြောက်သည့်နေ့ရက်တွင် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါပုဂ္ဂိုလ်သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခံရမည်-

(က) စာဖြင့်သတိပေးခြင်း။

( ခ ) ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ လုပ်ကိုင်ခွင့်ယာယီပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ သို့ဖြစ်ပါ၍ ဆန်စပါးသိုလှောင်ရုံကိုပိုင်ဆိုင်သူများအနေဖြင့် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်နှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်စေရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager - Ms. Maria Izaskun Gaviria Ayucar နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ


နေပြည်တော် နိုဝင်ဘာ ၂၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့မှ Senior Fund Portfolio Manager – Ms. Maria Izaskun Gaviria Ayucar နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Global Fund အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



# သမဝါယမအသင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပြဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၁

သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့်တာဝန်ရှိသူများ၊ သမဝါယမအသင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ခေတ်နှင့်လျော်ညီမှုရှိစေရေးနှင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များပါဝင်နိုင်စေရန်အတွက်လည်းကောင်း လက်ရှိကျင့်သုံးနေသည့် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေကို ပြင်ဆင်ပြဌာန်းလိုခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယင်းဥပဒေ(မူကြမ်း)သည် ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရန်လိုအပ်သဖြင့် အဆိုပါဥပဒေ(မူကြမ်း)အား ပြဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်း ကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင် ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**

**(၂၅-၁၁-၂၀၂၄)**

# ပျဉ်းမနားမြို့နယ် ရေဘေးသင့်နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီးမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကွင်းဆင်းကြည့်ရှု



**နေပြည်တော် နိုဝင်ဘာ ၂၁**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ကွက်သစ်ကျေးရွာ ကျွန်းဦးကျေးရွာနှင့် အေးမြင့်သာယာကျေးရွာများသို့ သွားရောက်ကာ CB Bank ၏ လှူဒါန်းငွေဖြင့် တည်ဆောက်ပြုပြင်ပေးလျက်ရှိသည့် နေအိမ်များလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ကွက်သစ်ကျေးရွာ၌ ရေဘေးသင့်၍ အလုံးစုံပျက်စီးသွားသော နေအိမ်ငါးလုံးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသစ်ပြန်လည်တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းပြင်ဆင်ပေးရမည့် နေအိမ်ခုနစ်လုံး၏ ပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာ၌ ရေဘေးသင့်၍ အလုံးစုံပျက်စီးသွားသော နေအိမ် ၁၈ လုံး၏ အလုံးစုံ တည်ဆောက်ပြီးစီးမှု ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာစံပြကျေးရွာ၌ အလုံးစုံပြန်လည်တည်ဆောက်ပေးရမည့် နေအိမ် တစ်လုံးနှင့် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ပေးရမည့် နေအိမ်တစ်လုံးတို့၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ယခုတည်ဆောက်ပေးသည့် နေအိမ်များ ရေရှည်တည်တံ့ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းနေထိုင်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ် နှစ်မြို့နယ်အတွင်းမှ ကျေးရွာ သုံးရွာရှိ ရေဘေးသင့်နေအိမ်များအနက် အလုံးစုံပြန်လည်ပြင်ဆင်ရမည့် နေအိမ် ၂၄ လုံးကို အလျားပေ ၂၀၊ အနံပေ ၂၀၊ အမြင့် ၁၆ ပေရှိသွပ်မိုး၊ ထရံကာ ကျေးလက်အိမ်ရာများအဖြစ် အသစ်တည်ဆောက်ပေးခြင်း၊ တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်း နေအိမ်ရှစ်လုံးကို ပြုပြင်တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ ကျေးရွာရှိမိသားစုဝင်များ တက်ရောက်နေထိုင်နေပြီဖြစ်ကြောင်းသိရသည်။ (၅၀၀)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ရှိ ရွှေလီ(ကြယ်ဂေါင်)နှင့် မူဆယ် (နန်းတော်) ဂိတ်များ၌ လုံခြုံရေးအရစိစစ်၍ နှစ်နိုင်ငံနယ်စပ်ပြည်သူများ ဖြတ်သန်းသွားလာမှုအဆင်ပြေစေရေး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ယူနန်ပြည်နယ် မန်စီမြို့မှ မြန်မာနိုင်ငံနယ်စပ် ရွှေလီမြို့သို့သွားရောက်၍ ရွှေလီမြို့ ကြယ်ဂေါင်လူဝင်မှုစစ်ဆေးရေးဂိတ်လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာသည်။

ထိုသို့ကြည့်ရှုစဉ် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ယူနန်ပြည်နယ် လူဝင်မှုစစ်ဆေးရေးဌာနမှူး ရွှေလီလူဝင်မှုစစ်ဆေးရေးဌာနမှူး Mr.Jiang Bing က ကိုးကန့်ဒေသ၌ လက်နက်ကိုင်အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပွားပြီးနောက်ပိုင်း EAO များ ထိန်းသိမ်းထားသည့် နယ်စပ်ဒေသများရှိ နယ်စပ်စစ်ဆေးရေးဂိတ်များအား လက်ရှိအခြေအနေတွင် ဝင်/ထွက်မှုများရပ်ဆိုင်းကာ ပိတ်သိမ်းထားရှိမှု၊ အစိုးရအချင်းချင်း အပြန်အလှန် ပူးပေါင်းညှိနှိုင်းပြီးမှသာ ပိတ်သိမ်းထားသည့် နယ်စပ်ဂိတ်များကို လိုအပ်သလို ခွင့်ပြုဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားလူဝင်မှုကြီးကြပ်ရေး စီမံခန့်ခွဲရေးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသထိန်းသိမ်းရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Tao က တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်ဆောင်ရွက်မှုများအပေါ် အားပေးထောက်ခံ၍ တည်ငြိမ်အေးချမ်းရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု၊ နှစ်နိုင်ငံနယ်စပ်ရှိ EAO များ ထိန်းချုပ်နယ်မြေများမှ နယ်စပ်ဝင်/ထွက်ဂိတ်များ ပိတ်သိမ်းထားရှိမှုနှင့် တည်ငြိမ်အေးချမ်းပါက နှစ်နိုင်ငံပြည်သူများအတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၊ ပိုးလမ်းမစီမံကိန်းနှင့်ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းများ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းပြီး နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ကာ အပြန်အလှန်ကုန်စည်ကူးသန်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို မူဆယ်(နန်းတော်ဂိတ်)အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်တချို့ပိတ်ထားမှုနှင့်နှစ်နိုင်ငံပြည်သူများ နန်းတော်စစ်ဆေးရေးဂိတ်မှ အပြန်အလှန်ကူးလူးဆက်သွယ်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တရားဝင်ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်များမှ တရားမဝင် ဝင်/ထွက်မှု မရှိစေရေးနှင့် လုံခြုံရေးကို အထူးအလေးဂရုပြုဆောင်ရွက်ကြရန် လိုကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အကြမ်းဖက်သောင်းကြမ်းသူများထံ မလိုလားအပ်သည့်ကုန်ပစ္စည်းများမရောက်ရှိစေရေးအတွက် နယ်စပ်ဂိတ်များပိတ်ထားသကဲ့သို့ နှစ်နိုင်ငံ ပြည်သူများအတွက် မဖြစ်မနေဖွင့်လှစ်သည့် နယ်စပ်ဂိတ်များတွင်လည်း စနစ်တကျအသေးစိတ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ပြည်သူများ ဝင်/ထွက်သွားလာမှုနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စိစစ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)



# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း စတုတ္ထနေရာဖြင့်သာကျေနပ်ခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင်မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း အင်ဒိုနီးရှားအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပထမပိုင်းတွင် အင်ဒိုနီးရှားအသင်းက ၂ ဂိုး ဂိုးမရှိဖြင့်ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ကာ မြန်မာအသင်းအနေဖြင့် တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည့်အတွက် ၄ ဂိုး ၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အုပ်စုပွဲစဉ်လေးပွဲနှင့် တတိယနေရာလုပွဲ တစ်ပွဲကစားခဲ့ရာတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့်သာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကျန်ပွဲစဉ်များအားလုံးရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ နှစ်တစ်ရာခရီး

**ကိုချင်း**

"ရန်ကုန်စက်မှုတက္ကသိုလ်အဖြစ်သို့ ထွန်းကားပေါ်ပေါက်လာရန် သက်ဆိုင်ရာတို့က နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်လုံးပန်းခဲ့ကြရသည်။ ဤတက္ကသိုလ်ကို ၁၉၂၄ ခုနှစ်ကစ၍ ပြုစုပျိုးထောင်လာခဲ့ရာ ထိုအချိန်မှစ၍ ကျောင်းသားများသည် ပထမအကြိမ် အထက်တန်း အင်ဂျင်နီယာပညာကို သင်ခွင့်ရရှိခဲ့လေသည်။ ယခု ၁၉၇၄ ခုနှစ်ဆိုလျှင် စက်မှုတက္ကသိုလ်သည် နှစ် (၅၀) ပြည့်လေပြီ။ တိုင်းပြည်အခြေအနေတိုးတက်လာသည်နှင့်အမျှ အင်ဂျင်နီယာပညာရပ်များကိုလည်း ပိုမိုခွဲစိတ်၍ ဖောက်ချသင်ကြားသွားရန်လည်း အစီအစဉ်များရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။

နိုင်ငံတော်အစိုးရသည် လက်မှုမှစက်မှုခေတ်သို့ဟူသော ဦးတည်ချက်နှင့်စူးစိုက်လုံးပန်းလာရာတွင် ပညာရေးအကောင်အထည်ဖော်ချက်တစ်ရပ်အဖြစ် စက်မှုတက္ကသိုလ်လည်း ပါဝင်နေပေသည်။ အင်ဂျင်နီယာများသည် တိုင်းပြည်၏ တစ်တပ်တစ်အားပင်ဖြစ်ရာ အင်ဂျင်နီယာကောင်းများအဖြစ် နိုးကြားလာမှ ကုန်ပစ္စည်းထုတ်လုပ်မှု တွင်ကျယ်လာမည်။ ထုတ်လုပ်မှုတွင်ကျယ်မှ စီးပွားတက်မည် စီးပွားတက်မှ တိုင်းပြည်သာယာဝပြောမည်။ သို့ဖြစ်ရာ အင်ဂျင်နီယာနှင့် အင်ဂျင်နီယာလုပ်ငန်းများသည် နိုင်ငံနှင့်ခေတ်၏တိုးတက်ရေးတွင် မဏ္ဍိုင်သဖွယ်ဖြစ်ကြောင်း အထူးပြောဆိုလိုပါသည်။"

**သီရိပျံချီ ဦးရုံးမို (B.Sc. (Hons.) (Rgn.), B.Sc. Eng. (Lond.), A.C.G.I., C.Eng., M.I.Mech. E., M.I.Loco. E) ပါမောက္ခချုပ်(၁၉၆၂-၇၁) ၏ စက်မှုတက္ကသိုလ် နှစ်(၅၀) ပြည့် ဥယျာဇဉ်**

ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာဌာန (Engineering Department) ကို ၁၉၂၃-၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြိုသင်တန်းကို ၁၉၂၄-၂၅ ပညာသင်နှစ်၌အစပြုခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ ခရီးမှာ နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အစိုးရစက်မှုလက်မှုပညာသင်ကျောင်း (Government Engineering School) အဖြစ် ပထမဆုံးအင်ဂျင်နီယာပညာကို ၁၈၉၅ ခုနှစ် ဧပြီလ ၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်ဘူတာရုံအနောက်ဘက်၌ဖွင့်လှစ်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် အင်းစိန်ဘူတာအရှေ့ဘက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး အစိုးရစက်မှုလက်မှုပညာသင်ကျောင်း (Government School of Engineering) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အင်းစိန်ရွာမရှိ လက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး အစိုးရစက်မှုလက်မှုပညာသင်ကျောင်းနှင့် စက်မှုအထက်တန်းကျောင်း (Government School of Engineering and Technical High School) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၁၂ ခုနှစ်မှစတင်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (Government Technical Institute – GTI) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၉၈ ခုနှစ်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ၁၂ ခု ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှကိုလိုနီခေတ်အတွင်း တက္ကသိုလ် အင်ဂျင်နီယာပညာရေးကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်တွင် အင်ဂျင်နီယာပညာမဟာဌာနအဖြစ် ပထမဆုံးစတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် B.Sc (Engg.) ပရိုဂရမ်အဖြစ် မြို့ပြအင်ဂျင်နီယာဘာသာရပ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဘားမားစက်မှုတက္ကသိုလ် (Burma



Institute of Technology – BIT) ဟုခေါ်တွင်သည့် အင်ဂျင်နီယာတက္ကသိုလ်တစ်ခုအဖြစ်ဖွင့်လှစ်ရန် ခွဲထုတ်ခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology – RIT) ဟု အမည်ပြောင်းလဲခဲ့သည်။ ကြို့ကုန်းအနောက်ဘက်ရှိ ဤတက္ကသိုလ်ကို ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (Yangon Institute of Technology – YIT) ဟု အမည်ပေးကာ ၁၉၉၉ ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University – YTU) ဟု အမည်ပြောင်းလဲခဲ့သည်။ မန္တလေးစက်မှုတက္ကသိုလ် (Mandalay Institute of Technology – MIT) ကို စတင်တည်ထောင်ခဲ့သည့် ၁၉၉၁ ခုနှစ်အထိ တစ်နိုင်ငံလုံးတွင် အင်ဂျင်နီယာတက္ကသိုလ်နှစ်ခုသာရှိခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ် (Defense Service Technological Academy) ကို ဖွင့်လှစ်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် နည်းပညာပိုင်းဆိုင်ရာ ပညာရေးစနစ်သစ်အရ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းရှိ နည်းပညာတက္ကသိုလ်အများအပြားတွင် စုစုပေါင်း ငါးနှစ်သင်ကြားရမည့် ပညာရေး (နည်းပညာဘွဲ့ နှစ်နှစ်နှင့် အင်ဂျင်နီယာဘွဲ့ တစ်နှစ်) ဖြင့် သင်ကြားခဲ့သည်။ အစိုးရစက်မှုလက်မှုသိပ္ပံများအားလုံးအနက် အချို့ကိုပိတ်ထားပြီး အချို့ကို နည်းပညာတက္ကသိုလ်သို့ အဆင့်မြှင့်တင်ခဲ့သဖြင့် တစ်နိုင်ငံလုံးတွင် အစိုးရစက်မှုလက်မှုသိပ္ပံတစ်ခုသာကျန်ရှိသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် ၂၀၁၂ ခုနှစ်တွင် ခြောက်နှစ်အင်ဂျင်နီယာဘွဲ့ ဘွဲ့ကြိုပရိုဂရမ်များကို ပြန်လည်စတင်ခဲ့သည်။

မြန်မာနိုင်ငံတွင် အင်ဂျင်နီယာပညာရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော အဆင့် (၄)ဆင့်ရှိသည်။ ၁၉၂၄ မှ ၁၉၄၀ (ဒုတိယကမ္ဘာစစ်အစ) အထိ အဆင့် (၁)၊ ၁၉၄၆ မှ ၁၉၆၁ အထိ အဆင့် (၂)၊ ၁၉၆၁ မှ ၁၉၈၈ အထိ အဆင့် (၃) နှင့် ၁၉၈၈ မှ မျက်မှောက်ခေတ်အထိ အဆင့် (၄) ဟူ၍ ဖြစ်သည်။

**အဆင့်(၁)–၁၉၂၄–၁၉၄၀**

ရန်ကုန်တက္ကသိုလ်လက်အောက်ရှိ B.O.C အင်ဂျင်နီယာကောလိပ်၌ ဌာနတစ်ခု သို့မဟုတ် အင်ဂျင်နီယာဌာနကိုတည်ထောင်ခဲ့သည်။ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာနှင့်လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်များကိုသာဝင်ခွင့်ပေးခဲ့သည်။

> **○ ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာဌာန (Engineering Department)ကို ၁၉၂၃-၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြိုသင်တန်းကို ၁၉၂၄-၂၅ ပညာသင်နှစ်၌အစပြုခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ခရီးမှာ နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ် . . .**

**အဆင့်(၂) – ၁၉၄၆ မှ ၁၉၆၁**

Intermediate Science (ISc) သင်တန်းတွင် အင်္ဂလိပ်၊ မြန်မာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့်သင်္ချာ (စစ်စစ်နှင့် အထောက်အကူပြု) ပါဝင်သည်။ အင်ဂျင်နီယာဘာသာရပ်ကိုသင်ယူရန် ကြိုတင်ပြင်ဆင်မှုနှစ်နှစ်လိုအပ်သည်။ စာမေးပွဲများတွင် အထက်ဖော်ပြပါဘာသာရပ်အားလုံးအတွက်ရေးဖြေစာမေးပွဲများအပြင် ရူပဗေဒနှင့် ဓာတုဗေဒအတွက် လက်တွေ့စမ်းသပ်မှုများကို ၁၅ ရက်မှ ၂၀ ရက်အတွင်း ဖြေဆိုရမည်ဖြစ်သည်။ အောင်မှတ်များသည် ဘာသာရပ်တစ်ခုစီအတွက် ၄၀ ရာခိုင်နှုန်းနှင့် ပေါင်းစပ်ဘာသာရပ်များအတွက် ၅၀ ရာခိုင်နှုန်းဖြစ်သည်။ ၆၀ ရာခိုင်နှုန်းရရှိပါက တစ်ကြိမ်တည်းနဲ့အောင်မြင်ပြီး ကျရှုံးသည့်ဘာသာရပ်များအတွက် မေလ/ဇွန်လတွင် ပြုလုပ်သည့် ပြန်လည်စစ်ဆေးသည့်စာမေးပွဲများတွင် ပြန်လည်ဖြေဆိုရသည်။

အရည်အချင်းပြည့်မီသော ဆရာများ(နိုင်ငံသားနှင့်ပြည်ပ)မှ ဘာသာရပ်အမျိုးမျိုးကို သင်ကြားပေးပြီး ကျောင်းသား/ သင်ကြားရေးဆရာအချိုးသည် ၂၀း၁ ဝန်းကျင်ဖြစ်သည်။ စာသင်နှစ်သည် ဇွန်လမှ ဖေဖော်ဝါရီလအထိဖြစ်ပြီး အောက်တိုဘာလတွင် တစ်လနားသည်။ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့်အလုပ်ရုံများရှိသည့် B.O.C အင်ဂျင်နီယာကောလိပ်အနီးရှိ ပြည်နှင့်တကောင်းခန်းမတို့တွင် အင်ဂျင်နီယာကျောင်းသားများကို ထားရှိခဲ့သည်။

အခြေခံလေ့လာမှုနှစ်နှစ်ပြီးနောက် ကျောင်းသားများအတွက် ၎င်းတို့၏ သီးခြားဘာသာရပ်များအား ခွဲထုတ်ခဲ့သည်။ တစ်ပတ်လျှင် စုစုပေါင်းနာရီ ၃၀ ဝန်းကျင် အင်္ဂလိပ်ဘာသာဖြင့်သင်ကြားခဲ့သည်။ အလုပ်ရုံသင်တန်းများ၊ လက်သမား၊ ပန်းပဲ၊ ဂဟေနှင့် စက်ပိုင်းဆိုင်ရာလေ့ကျင့်ရေးများ၊ ဟောပြောပွဲနှင့် ပုံဆွဲသင်တန်းများပါဝင်ပြီး နွေရာသီအားလပ်ရက်အတွင်း အင်ဂျင်နီယာအဖွဲ့အစည်းများနှင့် လက်တွေ့လေ့ကျင့်မှုများပြုလုပ်ရသည်။ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် အလုပ်ရုံများအပြင် ကျောင်းသားများအတွက် ပြည့်စုံကောင်းမွန်သော စာကြည့်တိုက်ကိုလည်း ရရှိနိုင်သည်။

၁၉၅၄-၅၅ တွင် အင်ဂျင်နီယာဘာသာရပ်များ တိုးမြှင့်ရန်စီစဉ်ခဲ့ပြီး သတ္တုတွင်း၊ ဓာတု၊ သတ္တုဗေဒ၊ အထည်အလိပ်နှင့် ဗိသုကာပညာရပ်တို့ကို မိတ်ဆက်ခဲ့သည်။ အနာဂတ်တွင် ဘာသာရပ်ဆိုင်ရာ အရည်အချင်းပြည့်မီသော သင်ကြားရေးဝန်ထမ်းများကို ပြုစုပျိုးထောင်ရန်အတွက် ယူကေနှင့်အမေရိကန်သို့ မြန်မာကျောင်းသားများကိုစေလွှတ်ရန်လည်း စီစဉ်ခဲ့သည်။ အဆောင်တိုင်းတွင် ကျောင်းသားအချင်းချင်းကောင်းစွာသိစေရန် လူမှုရေးနှင့် စာဖတ်အသင်းရှိကြသည်။ ဤလှုပ်ရှားမှုများ၏ အကျိုးကျေးဇူးတစ်ခုမှာ ကျောင်းသားများနှင့် ဤလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည့် ဆရာများအကြားရှိရင်းနှီးမှုနှင့် နားလည်မှုတို့ဖြစ်သည်။

ရှိပြီးသား B.O.C အင်ဂျင်နီယာကောလိပ် အဆောက်အအုံတွင် အထပ်မြင့်အုပ်ချုပ်ရေး အဆောက်အအုံ (ရုံးခန်းများ၊ ဆွေးနွေးခန်းများ၊ အစည်းအဝေးခန်းများ၊ စာကြည့်တိုက်များပါရှိသော) နှင့် လိပ်ခွံကဲ့သို့ ကြေးနီအမိုးခုံး (Leik Khone) အဆောက်အအုံအသစ်များအား ထပ်မံဖြည့်သွင်းခဲ့သည်။ ထို့နောက်တွင် အရည်အချင်းပြည့်မီသော မြန်မာဆရာ၊ ဆရာမများကို သင်ကြားပို့ချပေးခဲ့သော ပြည်ပဆရာ၊ ဆရာမများအား ဖယ်ရှားပေးခဲ့ပါသည်။ ထိုအချိန်က အင်ဂျင်နီယာပညာရေးသမိုင်း၏ အချိုးအကွေ့တစ်ခုမှာ လိပ်ခုံးပရိဝုဏ်တွင် အမျိုးသမီးကျောင်းသူများ အင်ဂျင်နီယာကျောင်းသားဘဝသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အင်ဂျင်နီယာဌာနသည် ၁၉၆၁ ခုနှစ်တွင် ကြို့ကုန်းရှိ ကျောင်းဝင်းအသစ်သို့ပြောင်းရွှေ့ခဲ့ပြီး ရန်ကုန်တက္ကသိုလ်လက်အောက်မှထွက်ခွာခဲ့သည်။ သို့သော် ပညာရေးနှင့် စီမံခန့်ခွဲရေးမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များကို ရန်ကုန်တက္ကသိုလ်၏ ဆီးနိတ်နှင့်အုပ်ချုပ်ရေးကောင်စီ (ဘာသာရပ်အားလုံး၏ ပညာရေးအဆင့်အတန်းကို ထိန်းသိမ်းရန်နှင့်မြှင့်တင်ရန်)က ဆောင်ရွက်ခဲ့သည်။

ကြို့ကုန်းပရိဝုဏ်တွင် စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် အလုပ်ရုံများ၊ ရုပ်ရှင်ပြစက်များ၊ စာကြည့်တိုက်များ၊ အုပ်ချုပ်ရေးနှင့် သင်ကြားရေးဝန်ထမ်းများအတွက် ရုံးခန်းများနှင့် ကျောင်းသား အဆောင်များပါရှိပါသည်။ ထို့ပြင် ဝန်ထမ်းအားလုံးအတွက် အိမ်များ၊ ထမင်းစားခန်းနှင့် မီးဖိုချောင်များ၊ ဆေးဘက်ဆိုင်ရာ ဆေးခန်းငယ်များ၊ အားကစားလှုပ်ရှားမှုများအတွက် ပွင့်လင်းသောနေရာများလည်းရှိသည်။

**အဆင့်(၃) – ၁၉၆၁ မှ ၁၉၈၈**

၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် အင်ဂျင်နီယာဌာနသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်တွင် ကိုယ်ပိုင်ပါမောက္ခချုပ်ဖြင့် ဘားမားစက်မှုတက္ကသိုလ် (Burma Institute of Technology – BIT) ဟုခေါ်သော သီးခြား လွတ်လပ်သောတက္ကသိုလ်ဖြစ်လာခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology–RIT) ဟု အမည်ပြောင်းလဲခဲ့ပြီး နိုင်ငံအနှံ့အပြား၌ နည်းပညာတက္ကသိုလ်များဖွင့်လှစ်ရန် ရည်ရွယ်ချက်ဖြင့်

**စာမျက်နှာ ၉ သို့** ■

## နေ့သင်တန်းကျောင်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
### အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
### အသိပေးကြေညာချက်

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ်ဝက် စာသင်ကာလအတွက် ဘွဲ့ကြိုတန်း(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်)၊ မဟာဝိဇ္ဇာတန်း(ပထမနှစ်၊ ဒုတိယနှစ်)၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများကို ၂၁ - ၁၁ - ၂၀၂၄ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အချိန်ပိုင်းအနုပညာကွန်ပျူတာဒီပလိုမာသင်တန်းများကို ၄ - ၁၂ - ၂၀၂၄ ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## နေရာကွက်ကျားမိုးရွာနိုင်

၂၂-၁၁-၂၀၂၄

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **(မိုး/ဇလ)**

## “ အမျိုးသားအောင်ပွဲနေ့” ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့်စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင်ရောက်ရှိမည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် “အမျိုးသားအောင်ပွဲနေ့”ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ထက်မြက်စိုး၊ ရသ၊ ဝိုင်းလမင်းအောင်၊ စိုးထက်အောင်၊ မင်းသားလေး၊ စိုးညီညီ၊ ကြူကြူခိုင်၊ အိအိလှိုင်၊ ကုဋ္ဌခင်နှင့် မြင့်မြတ်ကျော်တို့က အမျိုးဂုဏ်/ဇာတိဂုဏ် မြင့်တင်နိုင်မည့် ဇာတိမာန်တက်ကြွဖွယ် တေးသီချင်းများဖြင့် ရွေးချယ်သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာလ ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများစစ်ဆေး



ကျောက်ဆည် နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ဦးဆောင်သောသန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရေး ခရိုင်အဆင့်လုပ်ငန်းအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုရွေးချယ်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကျောက်ဆည်ခရိုင်မှ အဆိုပြု အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး သတ်မှတ် အခြေခံစံနှုန်း/ အညွှန်းကိန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေအား မြေပြင်စစ်ဆေးခြင်း ဆောင်ရွက်ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ **စာမျက်နှာ ၈ မှအဆက်**

ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စက်မှုတက္ကသိုလ်တွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သော မူဝါဒလမ်းညွှန်ချက်များကို ပေးဆောင်ရန် ပါမောက္ခချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကောင်စီနှင့် ဆီးနိတ်တို့ပါဝင်သည်။ ပညာရေးဝန်ကြီး ဦးဆောင်သော အဆင့်မြင့်အုပ်ချုပ်ရေးကောင်စီနှင့် ဆီးနိတ်ကိုလည်းဖွဲ့စည်းခဲ့ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်အားလုံး၏စီမံခန့်ခွဲရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် အဆုံးသတ်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ကျောင်းသားများ၏ ဝင်ခွင့်လိုအပ်ချက်ကိုလည်း ပြောင်းလဲထားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရမှတ်များအလိုက် ထိပ်တန်းကျောင်းသား ၅၀၀ ကို ဝင်ခွင့်လက်ခံခဲ့ပါသည်။ ရန်ကုန်စက်မှုတက္ကသိုလ်တွင် မတူညီသော ဘာသာရပ်များကို ကျောင်းသားများအား ခွဲဝေချမှတ်ပေးရာတွင် တူညီသောစံနှုန်းများကို အသုံးပြုခဲ့သည်။ ဘွဲ့ဒီဂရီရရှိရန် နှစ်အရေအတွက် ခြောက်နှစ်လိုအပ်သည်။ အင်ဂျင်နီယာဌာနများအပြင် ယခင်က ရန်ကုန်တက္ကသိုလ်ဟု လူသိများသည့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့၏ အုပ်ချုပ်မှုအောက်တွင် ရှိသောဌာနများဖြစ်သည့် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ အင်္ဂလိပ်နှင့် မြန်မာစာဌာနများပါဝင်သည်။ ကျောင်းသားများသည် ၎င်းတို့၏သက်ဆိုင်ရာအင်ဂျင်နီယာဘာသာရပ်များမစတင်မီ ဤဘာသာရပ်များကို နှစ်နှစ်လေ့လာသင်ကြားရမည်ဖြစ်သည်။ ကျောင်းသားများအတွက် အမှတ်ပေးစနစ်နှင့် အောင်ချက်အဆင့်ကိုလည်း ရာခိုင်နှုန်းအလိုက် အမှတ်ပေးစနစ်မှ ၅၊ ၄၊ ၃၊ ၂၊ ၁ စနစ်သို့ ပြောင်းလဲခဲ့သည်။ ဘာသာရပ်တစ်ခုစီအတွက် အောင်ချက်အဆင့်မှာ (၂)ဖြစ်ပြီး ပေါင်းစပ်ဘာသာရပ်အားလုံးအတွက်ပျမ်းမျှအောင်မှတ်မှာ ၂ ဒသမ ၅ ဖြစ်သည်။ နိုင်ငံခြားဆရာများမှ လွှဲ၍ သင်ကြားရေးကြားခံသည် မြန်မာဘာသာဖြစ်လာသည်။

ရန်ကုန်စက်မှုတက္ကသိုလ်၏ မြို့ပြ၊ စက်မှု၊ သတ္တုတွင်း၊ ဓာတုဗေဒနှင့် အထည်အလိပ်အင်ဂျင်နီယာနှင့် ဗိသုကာဌာနများတွင် နှစ်အတော်ကြာ ရုရှားဆရာတစ်ယောက်ရှိခဲ့သည်။

မြို့ပြအင်ဂျင်နီယာဌာနတွင် Sanitary Engineering ဆရာများအတွက် WHO မှထောက်ပံ့ပေးထားသော ကာလတို ရန်ပုံငွေရှိပြီး ကိုလံဘိုစီမံကိန်းက ပံ့ပိုးပေးထားသည့် ဓာတ်ပုံပညာကို သင်ကြားပို့ချပေးသော Mr Heathcote ဟုခေါ်သော အင်္ဂလိပ်ဆရာလည်းရှိသည်။ Structural ဓာတ်ခွဲခန်းကို ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် ဂျာမန်အင်ဂျင်နီယာတစ်ဦးက တည်ထောင်ခဲ့သည်။

သင်ကြားရေးနှင့် အင်ဂျင်နီယာပညာရေးကို အဆင့်မြှင့်တင်ရန်အတွက် သင်ကြားရေး ဝန်ထမ်းများကို ထိုအချိန်ကရရှိခဲ့သော နိုင်ငံတကာအကူအညီအရ နိုင်ငံရပ်ခြားသို့စေလွှတ်ခဲ့သဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်ရှိ သင်ကြားရေးဝန်ထမ်းများ၏ အဆင့်အတန်းကောင်းမွန်ခဲ့ပြီး ဘွဲ့လွန်ဒီဂရီများလည်း ပြီးဆုံးခဲ့သည်။ ဤကာလအတွင်း စိုက်ပျိုးရေးအင်ဂျင်နီယာနှင့်မော်တော်ယာဉ်အင်ဂျင်နီယာဘာသာရပ်များကို စက်မှုအင်ဂျင်နီယာဌာန လက်အောက်တွင် ခွဲဝေပေးခဲ့သည်။ သတ္တုတွင်းအင်ဂျင်နီယာဌာနအောက်တွင် ရေနံအင်ဂျင်နီယာနှင့် Power and Electrical Communications (နောက်ပိုင်းတွင် အီလက်ထရွန်နစ်အင်ဂျင်နီယာဟု အမည်ပြောင်း) ဟုခေါ်သော သီးခြားလမ်းကြောင်းနှစ်ခုကို လျှပ်စစ်အင်ဂျင်နီယာဌာနအောက်တွင် တည်ထောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် နှောင်းပိုင်းတွင် ကျောင်းသားဦးရေ ၄၀၀၀ ခန့်ရှိပြီး သင်ကြားရေးဝန်ထမ်းစုစုပေါင်း ၂၀၀ ခန့်ရှိသောကြောင့် ကျောင်းသား/သင်ကြားရေးဝန်ထမ်းအချိုးမှာ ၂၀:၁ ခန့်သာရှိသည်။ ရန်ပုံငွေပြတ်လပ်မှုကြောင့် ဓာတ်ခွဲခန်းနှင့်အလုပ်ရုံအဆောက်အအုံအတွက် စက်အရန်နှင့် ခေတ်မီသောစက်ကိရိယာများကိုမရနိုင်တော့ဘဲ စာကြည့်တိုက်အတွက်စာအုပ်တွေလည်း မရနိုင်တော့ပါ။ ဤကာလဝန်းကျင်က အစိုးရစက်မှုလက်မှုသိပ္ပံများမှ ထူးချွန်သော ကျောင်းသားအချို့ကို လက်ခံခဲ့သည်။ မဟာအဆင့် ဘွဲ့လွန်သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့သည်။ နောက်ဆုံးနှစ်ကျောင်းသားများသည်လည်း စာတမ်း (Thesis) တင်သွင်းရန်လိုအပ်သည်။ တက္ကသိုလ်ကွန်ပျူတာစင်တာကို UNESCO/ UNDP ၏ အကူအညီဖြင့် သမိုင်းပရိဝုဏ်တွင် ဖွင့်လှစ်ခဲ့သည်။

ဦးရုံးမိုသည် ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ BIT/ RIT ၏ ပါမောက္ခချုပ်ဖြစ်ပြီး ရာထူးသက်တမ်းအတွင်း အင်ဂျင်နီယာပညာကိုတိုးတက်စေရန် အမျိုးမျိုးသော ကန့်သတ်ချက်များအောက်တွင် အကောင်းဆုံးကြိုးစားခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများ၏ သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများသည်လည်း ယခင်ကကဲ့သို့ အပြည့်အဝလည်ပတ်နေပြီး တက္ကသိုလ်များအကြား အားကစားပြိုင်ပွဲများသည် ယခင်ကထက် ပိုမိုပြင်းထန်လာခဲ့သည်။ ဦးရုံးမိုသည် ၁၉၇၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ဒေါက်တာအောင်ကြီး ပါမောက္ခချုပ်ဖြစ်လာခဲ့သည်။

အကန့်အသတ်များစွာကြောင့် ရန်ပုံငွေပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးကို အဆင့်မြှင့်တင်သည့် သုတေသနပြုမှုများ၊ သင်ကြားရေးဝန်ထမ်းများအတွက် ဆက်လက်လေ့လာမှုများ၊ ဓာတ်ခွဲခန်းများ စသည်တို့ ရပ်တန့်သွားခဲ့သည်။ တစ်ခုတည်းသော ဖွံ့ဖြိုးတိုးတက်မှုသည် သင်ကြားရေးဝန်ထမ်းများနှင့် RIT ဘွဲ့ရအသစ်အချို့၏ပါဝင်မှုဖြင့် စက်မှုကုန်ထုတ်သမဝါယမအသင်း (Engineering Cooperatives) များ တည်ထောင်ခြင်းပင်ဖြစ်သည်။

**အဆင့် (၄) – ၁၉၈၈ မှ ယခုအထိ**

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ပေါ်ပေါက်လာပြီး အင်ဂျင်နီယာလုပ်ငန်းများကို စည်းမျဉ်းနှင့်ကြပ်မတ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ မျက်မှောက်ခေတ်တွင် Polytechnic University ရှစ်ခု၊ နည်းပညာတက္ကသိုလ် ၂၇ ခု၊ နည်းပညာကောလိပ်လေးခု၊ ဂျီတီအိုင် ၃၁ ခု၊ နည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်းတို့ကို တည်ထောင်နိုင်ခဲ့သည်။ KG+12 အဆင့်သို့လည်း တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နှစ်တစ်ရာပြည့်အခမ်းအနားတွင် နေပြည်တော်ပေါ်လီတက္ကနစ်တက္ကသိုလ် (Naypyitaw State Polytechnic University) ကို အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီး အင်ဂျင်နီယာ၊ သိပ္ပံနှင့် တက္ကသိုလ်နည်းပညာဘာသာရပ်များ ပို့ချပေးနိုင်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ပရိဝုဏ်အတွင်း သင်ကြားသင်ယူစားသောက်နိုင်ရန်ကိုပါ စီစဉ်ပေးထားကြောင်း သိရှိရသည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ယခုကဲ့သို့ တိုးတက်ပြောင်းလဲမှုများ ဆောင်ရွက်ပေးခဲ့သည့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနကိုလည်း နှစ် (၁၀၀) ပြည့် အခမ်းအနားနှင့်အတူ ဂုဏ်ပြုဖော်ပြအပ်ပါသည်။ “စက်မှုတတ်မျိုး ပြည့်အကျိုး” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည့်အကျိုးထမ်းဆောင်နိုင်ကြပါစေ။ ။

# ပန်ကရိယကင်ဆာ ကြိုတင်သတိပြုကာကွယ်ပါ

ဒေါက်တာသိဂီကျော်

ပန်ကရိယကင်ဆာသည် ကမ္ဘာတစ်ဝန်းတွင် ၁၂ ခုမြောက် အဖြစ်အများဆုံးကင်ဆာရောဂါတစ်ခုဖြစ်ပြီး အလွန်မြင့်မားသောလူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) ရှိသည့်နိုင်ငံများတွင်ပင် ပျမ်းမျှအားဖြင့် ကင်ဆာကြောင့်သေဆုံးမှုများ၏ တတိယမြောက် အကြောင်းရင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ပန်ကရိယနှင့်ပတ်သက်သော အသိပညာနည်းပါးခြင်းသည် ရှင်သန်နှုန်းနိမ့်ကျရသည့်အကြောင်းရင်းတစ်ခုဖြစ်သည်။ ယခုအခါ နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းအမျိုးမျိုးသည် ပန်ကရိယကင်ဆာကို ကြိုတင်သိရှိနိုင်ရေး စောစီးစွာရောဂါရှာဖွေစစ်ဆေးရန် ရည်ရွယ်သည့်လှုံ့ဆော်မှုနှင့် လှုပ်ရှားမှုများမှတစ်ဆင့် ကုသမှုနှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာအသိပညာ မြှင့်တင်ရေးတွင် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

ကမ္ဘာ့ပန်ကရိယကင်ဆာမဟာမိတ်အဖွဲ့ (WPCC) သည် နိုင်ငံပေါင်း ၄၀ ကျော်နှင့် တိုက်ကြီးခြောက်တိုက်မှ အဖွဲ့အစည်းပေါင်း ၁၀၀ ကျော်ပါဝင်သော ကမ္ဘာလုံးဆိုင်ရာကွန်ရက်တစ်ခုဖြစ်ပြီး ပန်ကရိယကင်ဆာနှင့်ပတ်သက်၍ အသိပညာများတိုးတက်စေရန်နှင့် ကုသမှုရလဒ်များတိုးတက်ကောင်းမွန်စေရေး သုတေသနပြုမှုတိုးမြှင့်လုပ်ဆောင်ရန် အသိပညာပေးခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ထောက်ခံအားပေးရန် ရည်ရွယ်၍ အတူတကွလုပ်ဆောင်လျက်ရှိကြပါသည်။ နှစ်စဉ် နိုဝင်ဘာလကို ပန်ကရိယကင်ဆာရောဂါဆိုင်ရာအသိပညာပေးလအဖြစ် သတ်မှတ်ပြီး ၂၀၀၀ ပြည့်နှစ်ကတည်းက ကျင်းပလေ့ရှိခဲ့သည်။ ရည်ရွယ်ချက်မှာ ပန်ကရိယကင်ဆာဝေဒနာရှင်များအတွက် အလားအလာတိုးတက်ကောင်းမွန်စေရန် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ သုတေသီများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများ၏လုပ်ဆောင်ချက်များကို အားပေးရန်ဖြစ်သည်။

### ကမ္ဘာ့ပန်ကရိယကင်ဆာရောဂါနေ့သမိုင်း

ပန်ကရိယကင်ဆာကို တားဆီးကာကွယ်ရန် ကမ္ဘာ့ပန်ကရိယကင်ဆာမဟာမိတ်အဖွဲ့သည် ၂၀၁၄ ခုနှစ်တွင် ပထမဆုံးကမ္ဘာ့ပန်ကရိယကင်ဆာရောဂါနေ့ကို ကျင်းပခဲ့ပါသည်။ ကမ္ဘာ့ပန်ကရိယကင်ဆာရောဂါနေ့ကို နှစ်စဉ်နိုဝင်ဘာလ၏တတိယမြောက် ကြာသပတေးနေ့တွင် ကျင်းပသည်။ ထိုနေ့သည် သေဆုံးမှုအများဆုံးကင်ဆာအမျိုးအစားတစ်ခုဖြစ်သည့် ပန်ကရိယကင်ဆာကို ဖော်ထုတ်ပြသရန် နိုင်ငံတကာ၏ကြိုးပမ်းမှုဖြစ်သည်။ ပန်ကရိယကင်ဆာအား ကမ္ဘာတစ်ဝန်းရှိလူသန်းပေါင်းများစွာက သတိပြုမိစေရန်ပြုလုပ်သည့် တစ်ရက်တာလူထုလှုပ်ရှားမှုတစ်ခုဖြစ်သည်။ ခရမ်းရောင်သည် ပန်ကရိယကင်ဆာအသိအမြင်နှင့်ဆက်စပ်နေသည့် အရောင်ဖြစ်၍ ထိုနေ့တွင် ခရမ်းရောင်အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ပံ့ပိုးမှုကိုပြသရန် နှိုးဆော်ထားပါသည်။

"ပန်ကရိယကင်ဆာသည် အစောပိုင်းအဆင့်တွင် မည်သည့်လက္ခဏာမျှမပြဘဲရှိနိုင်ပြီး အကျိတ်၏တည်နေရာပေါ်မူတည်၍ ရောဂါလက္ခဏာများကွဲပြားနိုင်သည်။ ရုတ်တရက်သွေးချိုရောဂါစတင်ခြင်းနှင့်အတူ ကိုယ်အလေးချိန်ကျလာခြင်း၊ မျက်လုံးနှင့်အသားဝါခြင်း၊ ဝမ်းဗိုက် သို့မဟုတ် နောက်ကျောတွင်အောင့်ခြင်း၊ အစာစားပြီး သို့မဟုတ် လဲလျောင်းပြီးနောက်ပိုဆိုးခြင်း၊ အစာမကြေခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းအရောင်ဖျော့ဖျော့သွားခြင်း၊ ဝမ်းအဖြူရောင်သွားခြင်း၊ ဆီးအညိုရောင်သွားခြင်း၊ ယားယံခြင်းတို့ကို ခံစားရနိုင်. . ."

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့သည် ကမ္ဘာ့ပန်ကရိယကင်ဆာရောဂါနေ့၏ (၁၀) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ထိုနေ့သည် ပန်ကရိယကင်ဆာဖြစ်နိုင်ခြေရှိသောအန္တရာယ်များ၊ ရောဂါလက္ခဏာများနှင့် ရွေးချယ်စရာကုသမှုများအကြောင်း အများပြည်သူအား အသိပညာပေးနိုင်ရန်ရည်ရွယ်ပြီး လူနာများနှင့် ၎င်းတို့၏ချစ်ရသူများအတွက်မျှော်လင့်ချက်များကို ရှင်သန်စေရန်ဖြစ်သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "A Day of Action, A World of Difference" ဖြစ်ပြီး ပန်ကရိယကင်ဆာကို တိုက်ဖျက်ရန် စုပေါင်းလုပ်ဆောင်မှု၏အရေးပါမှုကို မီးမောင်းထိုးပြပြီး ရောဂါရှာဖွေတွေ့ရှိသူများအတွက် မျှော်လင့်ချက်ရှိကြောင်း အလေးပေးဖော်ပြထားသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ကျန်းမာရေးအသိပညာမျှဝေခြင်းဖြင့် ပန်ကရိယကင်ဆာရောဂါကို တားဆီးကာကွယ်ရာတွင် ပါဝင်ကူညီပေးလိုခြင်းဖြစ်ပါသည်။

### ပန်ကရိယ၏တည်နေရာနှင့်လုပ်ဆောင်ချက်

ပန်ကရိယ (မုန့်ချိုအိတ်) သည် ခန္ဓာကိုယ်ဝမ်းဗိုက်အတွင်းအစာအိမ်၏အနောက်ဘက်နှင့် ကျောရိုးကြားတွင် ကန့်လန့်ဖြတ်တည်ရှိနေပြီး ဦးခေါင်းပိုင်း၊ ခန္ဓာကိုယ်ပိုင်းနှင့် အမြီးပိုင်းဟူ၍ အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းထားသည်။ ပန်ကရိယသည် ခန္ဓာကိုယ်တွင် မရှိမဖြစ်လိုအပ်သောကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်ပြီး အစာချေဖျက်ရာတွင် လိုအပ်သောအင်ဇိုင်းများနှင့် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးသည့် အင်ဆူလင်အပါအဝင် ဟော်မုန်းများကို ထုတ်ပေးပါသည်။

### ပန်ကရိယကင်ဆာ၏လက္ခဏာများ

ပန်ကရိယကင်ဆာသည် အစောပိုင်းအဆင့်တွင် မည်သည့်လက္ခဏာမျှမပြဘဲရှိနိုင်ပြီး အကျိတ်၏တည်နေရာပေါ်မူတည်၍ ရောဂါလက္ခဏာများကွဲပြားနိုင်သည်။ ရုတ်တရက်သွေးချိုရောဂါစတင်ခြင်းနှင့်အတူ ကိုယ်အလေးချိန်ကျလာခြင်း၊ မျက်လုံးနှင့်အသားဝါခြင်း၊ ဝမ်းဗိုက် သို့မဟုတ် နောက်ကျောတွင်အောင့်ခြင်း၊ အစာစားပြီး သို့မဟုတ် လဲလျောင်းပြီးနောက် ပိုဆိုးခြင်း၊ အစာမကြေခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းအရောင်ဖျော့ဖျော့သွားခြင်း၊ ဝမ်းအဖြူရောင်သွားခြင်း၊ ဆီးအညိုရောင်သွားခြင်း၊ ယားယံခြင်းတို့ကို ခံစားရနိုင်ပါသည်။ အထူးသဖြင့် အသက် ၅၀ ကျော် ကိုယ်အလေးချိန်နည်း၍ ပိန်သူများနှင့် မိသားစုသွေးချိုရောဂါရာဇဝင်မရှိသူများတွင် သွေးချိုရောဂါ ရုတ်တရက်စတင်လျှင် ပန်ကရိယကင်ဆာကိုသတိပြုပါ။

### ပန်ကရိယကင်ဆာဖြစ်နိုင်ခြေရှိသော အကြောင်းရင်းများ

ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ အဝလွန်ခြင်း၊ အသက် ၅၀ ကျော် ကိုယ်အလေးချိန်နည်း၍ပိန်သူများတွင် သွေးချိုရောဂါရုတ်တရက်စတင်ခြင်း၊ ပန်ကရိယသွေးချိုရောဂါ၊ နာတာရှည်ပန်ကရိယရောင်ရောဂါ၊ ရှားပါးမျိုးရိုးဗီဇအခြေအနေတချို့ကြောင့် ပန်ကရိယကင်ဆာဖြစ်နိုင်ခြေမြင့်မားသူများ၊ ပန်ကရိယကင်ဆာမျိုးရိုးရှိသောမိသားစုဝင်များ။

### ပန်ကရိယကင်ဆာရောဂါရှာဖွေစစ်ဆေးခြင်း

ပန်ကရိယကင်ဆာဖြစ်ပွားမှုကို စောစီးစွာရှာဖွေတွေ့ရှိနိုင်ရန် ဖြစ်နိုင်ခြေရှိသူများကို ပုံမှန်စစ်ဆေးရန် လိုအပ်ပါသည်။ ဝမ်းဗိုက်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများအား ပုံရိပ်ဖော်စစ်ဆေးခြင်း (CT,MRI, PET)၊ အစာအိမ်နှင့်အူလမ်းကြောင်းအတွင်းမှ မှန်ပြောင်းအသုံးပြု၍ အာထရာဆောင်းဖြင့် ပန်ကရိယ၏ပုံရိပ်ကိုကြည့်ခြင်း၊ အသားစယူ၍စစ်ဆေးခြင်း၊ သွေးထဲတွင်ပန်ကရိယကင်ဆာအမှတ်အသား CA ၁၉ ဒသမ ၉ ပမာဏကိုစစ်ဆေးခြင်း၊ မျိုးရိုးဗီဇစစ်ဆေးခြင်းနည်းလမ်းများဖြင့် တွေ့ရှိနိုင်သည်။

### ကုသမှုနည်းလမ်းများ

ခွဲစိတ်ခြင်း၊ ဆေးဝါးများဖြင့်ကုသခြင်း၊ ဓာတ်ရောင်ခြည်ပေးခြင်းတို့ဖြစ်ပါသည်။ ကုထုံးရွေးချယ်ရာတွင် ကင်ဆာဖြစ်သည့်နေရာ၊ ကင်ဆာရောဂါအဆင့်၊ ခန္ဓာကိုယ်ကျန်းမာရေးနှင့် လူနာ၏ရွေးချယ်မှု စသည့် အချက်များပေါ်မူတည်၍ စဉ်းစားရန်ဖြစ်ပါသည်။

### ကြိုတင်ကာကွယ်ရန်နည်းလမ်းများ

ပန်ကရိယကင်ဆာဖြစ်ပွားမှုကိုကာကွယ်ရန်နှင့် အန္တရာယ်ကိုလျှော့ချရန် အရက်သောက်သုံးမှုကို ထိန်းညှိခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ကိုယ်အလေးချိန်ကိုထိန်းသိမ်း၍ အဝမလွန်ရန်တားဆီးခြင်း၊ သွေးတွင်းအဆီများကို ပုံမှန်ဖြစ်ရန်ထိန်းချုပ်ခြင်း၊ အနီရောင်အသားများ၊ သကြားပါသောအချိုရည်များနှင့် ပြုပြင်ထားသော အစားအစာများကိုလျှော့စားခြင်း၊ လတ်ဆတ်သော သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များကိုများများစားခြင်းနှင့် အန္တရာယ်ရှိသောလူနေမှုပုံစံများကိုရှောင်ကြဉ်ခြင်းတို့လိုအပ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မင်းဘူး(စကု)မြို့နယ်၌ ပဲစင်းငုံဧက ၆၀၀၀ ကျော်စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မင်းဘူး နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြကာ ယခုနှစ်တွင် ဈေးကွက်ဝင်ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံဧက ၆၀၀၀ ကျော် စိုက်ပျိုးထားရာ အပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပဲစင်းငုံဧက ၆၀၀၀ ကျော် စိုက်ပျိုးထားကာ မျိုးအနေဖြင့် ပဲစင်းငုံအဝါမျိုးနှင့်အနီမျိုးများကိုသာ စိုက်ပျိုးကြပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြခြင်းဖြစ်သည်။ ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးကြပြီး တစ်ဧကလျှင် စိုက်ပျိုးစရိတ်စုစုပေါင်း ငွေကျပ်သုံးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က ပဲစင်းငုံတစ်ဧကလျှင် ၁၀ တင်းခန့်ထွက်ရှိခဲ့ပြီး စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း သိရသည်။

"လက်ရှိ ပဲစင်းငုံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ သီးနှံပေါ်ချိန်မှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိဖို့ တောင်သူတွေ မျှော်လင့်ကြပါတယ်" ဟု ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

ပဲစင်းငုံသည် ပြည်ပပို့ကုန်သီးနှံတစ်မျိုးဖြစ်ပြီး ဈေးနှုန်းကောင်းမွန်ခြင်း၊ စိုက်ပျိုးရန်လွယ်ကူခြင်းနှင့် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်များစွာရရှိခြင်းတို့ကြောင့် ဒေသခံတောင်သူများက နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)



# Naypyitaw State Polytechnic University မြင်ကွင်းပုံရိပ်များ












# Naypyitaw State Polytechnic University မြင်ကွင်းပုံရိပ်များ
















(၂၃)ကြိမ်မြောက်

**မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်**

**မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၀၊ ၂၁၊ ၂၂ )ရက် — နေပြည်တော်

# ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁)သင်တန်းဖွင့်လှစ်

ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာ Grade-11 နှင့် Grade-12 ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁)သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်လှစ်ပေးရခြင်းအား ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် Video Clip အားကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းနည်းပြ ဥပဒေအရာရှိများ၊ သင်တန်းသား ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁)သင်တန်းတွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်မှ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ ၁၆၇ ဦးအား ၁၀ ရက်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

## ကောင်းကျိုးစည်ပွား

⊃ ကမ္ဘာတစ်ဝန်းမှာလ
ပညာပန်း ပန်ဆင်ကာ
လှမ်းချီကြရာ၊
ယှဉ်ပြိုင်ကြ သူ့ထက်ငါ
သာအောင်လို့အားခဲ။
ဆန်းသစ်တီထွင်လာတဲ့
နည်းပညာတစ်နေ့တစ်မျိုးရယ်နဲ့
တိုးလို့နေဆဲ။

⊃ အဆင့်မီ ပညာရပ်
အခါမလပ် သင်ယူကာ
မှတ်သားလေ့လာ၊
မျက်ခြည်မပြတ် ဆည်းပူးကာ
နည်းပညာ ရအောင်ကြိုး။
နိုင်ငံတကာ ရင်ပေါင်တန်းဖို့
ရည်မှန်းမျှော်ကိုး။

⊃ သွက်လက်လျင် ဉာဏ်ရည်ထက်တဲ့
မျိုးဆက်သစ် မောင်မယ်တွေ၊
နည်းပညာ စွမ်းရည်ပြည့်အောင်
ဖြည့်ဆည်းစို့လေ၊
ဆန်းသစ်ဖို့တီထွင်နေ
ရေရှည်အတွက် ဖွံ့ဖြိုးရေး။
စက်မှုနိုင်ငံ အရောက်လှမ်းဖို့
ကြိုးပမ်းစို့လေး။

⊃ ပေါများကြွယ် သယံဇာတ
သဘာဝ တောတောင်ရေမြေ၊
ရတနာ အမျိုးမျိုးရယ်နဲ့
ဖြိုးမောက်စည်ဝေ၊
တောင့်တင်းတဲ့ အခြေခံတွေ
အထွေထွေ ရင်းမြစ်များ။
နည်းပညာ ဆင့်ကာပေါင်းတော့
ကောင်းကျိုးစည်ပွား။ ။

**မောင်ငြိမ်းချမ်း**

❖ **Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ် . . .**

❖ **တစ်နှစ်လျှင်အင်ဂျင်နီယာအထူးပြုကျောင်းသား(၂၇၀)၊ ကွန်ပျူတာအထူးပြုကျောင်းသား(၁၂၀)၊ စုစုပေါင်း(၃၉၀)ခေါ်ယူသွားမှာဖြစ်ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ်ကို စာသင်နှစ်(၅)နှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ်(၄)နှစ် စသဖြင့်သင်ကြားပို့ချပေးသွားမည်. . .**

★ **စာမျက်နှာ ၁၅ မှအဆက်**

ကြွေးကြော်သံဖြင့် ၈၄ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်းအမှတ်(၂) လေ့ပိတရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် (၁၆၈)မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် တက္ကသိုလ်များ ကွန်ပျူတာစင်တာကိုတည်ထောင်ခဲ့ပြီး ICL–1902S Mainframe အမျိုးအစား ကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံးကွန်ပျူတာအဖြစ် တပ်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း။

ခေတ်အဆက်ဆက်တွင် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်အမြောက်အမြားပေါ်ထွန်းခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမကို မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က နိုင်ငံခြားသားပညာရှင်များနှင့်ပူးပေါင်းပြီး ဥရောပလက်ရာနှင့် မြန်မာ့ရိုးရာဗိသုကာလက်ရာတို့ပေါင်းစပ်ပြီး ဒီဇိုင်းရေးဆွဲခဲ့ကြောင်း။

ယခု ၂၁ ရာစုတွင်လည်း နေပြည်တော်မြို့တော်တည်ဆောက်ရေးနှင့် နေပြည်တော်တွင်ရှိသည့် လွှတ်တော်အဆောက်အအုံများကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများနှင့် ခြယ်မှုန်းပြီး မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ဗုဒ္ဓဥယျာဉ်တော်မှာ တည်ထားကိုးကွယ်ထားသည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖဿမုဒြာစကျင်ကျောက်ရုပ်ပွားတော်ဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး စကျင်ကျောက်ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် CNC နည်းပညာကို အသုံးပြုပြီး အောင်မြင်စွာတည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အရှည်ပေ (၈၆၃၈) ပေရှိတဲ့ Cable–Stayed တံတားအမျိုးအစား ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်–၃) ကိုလည်း မြန်မာ့အင်ဂျင်နီယာပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှာ ဂုဏ်ယူဝင့်ကြွားစွာဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက (၁၉၂၃–၁၉၂၄) ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာဌာနစတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏အစဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ ၁၉၂၄–၁၉၂၅ ပညာသင်နှစ်တွင် မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြန်မာ့ပထမဦးဆုံးအင်ဂျင်နီယာဘွဲ့ရ (၂၅)ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

၁၉၆၁ ခုနှစ်တွင် ယခုလက်ရှိ အင်းစိန်မြို့နယ်၊ ကြို့ကုန်းတွင်ရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် မန္တလေးစက်မှုတက္ကသိုလ်၊ ၁၉၉၄ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ၁၉၉၈ ခုနှစ်တွင် ပြည်နည်းပညာတက္ကသိုလ်၊ ၂၀၀၂ ခုနှစ်တွင် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်က အားထားရသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို အရည်အချင်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ရန်အတွက် Naypyitaw State Polytechnic University နှင့် Polytechnic University (၇)ခု၊ နည်းပညာတက္ကသိုလ် (၂၇)ခု၊ ကွန်ပျူတာတက္ကသိုလ်(၁၉)ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(၁)ခု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(၁)ခု၊ စုစုပေါင်းအင်ဂျင်နီယာပညာရပ်သင်ကြားပို့ချပေးသည့် တက္ကသိုလ်(၅၆)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University (၅)ခုကို ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင် ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ကို တစ်ပါတည်းပြောကြားလိုကြောင်း။

Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့်တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကို သင်ကြားပို့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင်လိုအပ်သည့်ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက်ကိုက်ညီပြီး ကောင်းစွာကျွမ်းကျင်တတ်မြောက်သည့်ဘွဲ့ရများ မွေးထုတ်ပေးခြင်း၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့်လုပ်ငန်းခွင်အတွေ့အကြုံတွေရရှိနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ပိုလီတက္ကနစ်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Polytechnic University များသည် ဘာသာရပ်နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချသည့်နေရာတစ်ခုဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့်အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးစသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်နည်းပညာတက္ကသိုလ်ကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်နေ့တွင် အစိုးရနည်းပညာကောလိပ်(နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ်အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း။

၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် အင်ဂျင်နီယာ အထူးပြုဘာသာရပ်(၆)ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး၊ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ အထူးပြုဘာသာရပ်ကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင်နေပြည်တော်နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

**Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်**ကြောင်း၊ အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဌာန(၇)ခု၊ ကွန်ပျူတာအထူးပြုဘာသာရပ်ဌာန(၄)ခု၊ အခြားအထောက်အကူပြု ဘာသာရပ်ဌာန(၅)ခု၊ သင်ကြားရေးဌာနစုစုပေါင်း (၁၆) ခုဖြင့် ပြည့်စုံအောင်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြုဘွဲ့(၇)မျိုးနှင့် ကွန်ပျူတာအထူးပြုဘွဲ့(၂)မျိုး၊ စုစုပေါင်းဘွဲ့(၉)မျိုး အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ **တစ်နှစ်လျှင်အင်ဂျင်နီယာအထူးပြုကျောင်းသား (၂၇၀)၊ ကွန်ပျူတာအထူးပြုကျောင်းသား (၁၂၀)၊ စုစုပေါင်း (၃၉၀) ခေါ်ယူသွားမှာဖြစ်ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ်ကို စာသင်နှစ်(၅)နှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ်(၄)နှစ် စသဖြင့်သင်ကြားပို့ချပေးသွားမည်ဖြစ်**ကြောင်း၊ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးအဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic University ကို ယခုထက်ပိုမိုဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့ရိုးရာအင်ဂျင်နီယာနှင့် ဗိသုကာအတတ်ပညာနှင့် နိုင်ငံ၏ဂုဏ်အဖုံဖုံကို မြှင့်တင်ပေးခဲ့ကြသည့် ရှေးပညာရှင်အကျော်အမော်များအားလုံး ခေတ်သစ်အင်ဂျင်နီယာပညာများနှင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များအားလုံးကို အထူးပင်ဂုဏ်ပြုချီးကျူးပါကြောင်းနှင့် ကျေးဇူးဥပကာရတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းတစ်ခေတ်တွင်ခဲ့သည့် နှစ်(၁၀၀)ပြည့်မှသည် နောင်နှစ်ပေါင်းထောင်ချီတိုင်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်အင်ဂျင်နီယာကျောင်းသားဟောင်းကြီးများ၊ အင်ဂျင်နီယာလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်တွဲညီညီဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်၍ နိုင်ငံ့အကျိုးကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းတင် Documentary အား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့်ရာပြည့်သဘင်အထိမ်းအမှတ်အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသောပြခန်းများကို စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Naypyitaw State Polytechnic University ကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော် နည်းပညာတက္ကသိုလ် အဖြစ်မှ Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်၏အခြေခံအဆောက်အဦဖြစ်သည့် စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင်ရှိသည့် ကျွမ်းကျင်အင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး သဘာဝနှင့်လိုက်လျောညီထွေစွာ သက်သောင့်သက်သာပညာသင်ယူနိုင်ရေးကြိုးစားတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ပရိဘောဂလိုအပ်ချက်၊ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များကိုလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ ပြည့်စုံလုံလောက်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ယူရသည့် ကာလတစ်လျှောက် အေးချမ်းပျော်ရွှင်စွာဖြင့် တက္ကသိုလ်ကျောင်းသားဘဝ၏ အနှစ်သာရကို ပြည့်ပြည့်ဝဝရရှိစေရေးအတွက် အားကစားကွင်း၊ Recreation Centre စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်နေစေရေး သစ်ပင်ပန်းမန်များ၊ အလှရေကန်များ၊ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်သည့်နေရာများဖြင့် ဖန်တီးတည်ဆောက်ပေးထားသည်ကိုလည်း တွေ့ရှိရကြောင်း။

ယနေ့တွင် Naypyitaw State Polytechnic University ဖွင့်လှစ်မှုနှင့်အတူ တစ်ချိန်တည်း၌ ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်လည်း Polytechnic University များကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသော ပြခန်းများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုစဉ်။


**❖ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ် ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်. . .**


★ **စာမျက်နှာ ၁၇ မှအဆက်**

စက်ရုံများကို တည်ထောင်ခဲ့ကြောင်း၊ ၁၈၆၆ ခုနှစ်မှာ မောင်ရွှေအိုးက ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင်ရှိသည့် ဗဟိုဝိဇ္ဇာတက္ကသိုလ်မှ သိပ္ပံပညာမဟာဝိဇ္ဇာဘွဲ့ အပြင်မြို့ပြအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ဖန်ချက်ပညာဆိုင်ရာစာတမ်းကို ဆက်သွင်းခဲ့သဖြင့် ဖန်ချက်ဝန်အဖြစ် ခန့်အပ်ခံရသည့် မြန်မာ့ပထမဦးဆုံးသော အင်ဂျင်နီယာလည်းဖြစ်ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် ယောမင်းကြီးဦးဘိုးလှိုင်သည် အီတလီနိုင်ငံ၏ ဟိုတယ်ဒီဗိုင်းကိုအခြေခံပြီး ယောမင်းကြီးအုတ်ကျောင်းကို မန္တလေးမြို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၈၆၉ ခုနှစ်တွင် ယောမင်းကြီးဦးဘိုးလှိုင်က မြန်မာ့ကြေးနန်းရိုက်နည်းဆိုင်ရာ လီပိဒီပိကာကျမ်းကို ရေးသားပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင်မြန်မာ့ကြေးနန်းလိုင်းများကို စတင်သွယ်တန်းခဲ့ကြောင်း။

၁၈၇၂ ခုနှစ်တွင်ကင်းဝန်မင်းကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နဲ့ အခြားဥရောပနိုင်ငံများကို သွားရောက်ခဲ့ပြီး လမ်းနှင့်တံတားတည်ဆောက်မှုအပါအဝင် အနောက်တိုင်းပညာရေးစနစ်များ၊ အုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံများကို လေ့လာခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် စစ်ကိုင်းသံဖိုရုံကို အုတ်မြစ်ချစတင်ဆောက်လုပ်နိုင်ခဲ့ပြီး ပြင်သစ်တွင် သံချက်ပညာသင်ယူခဲ့သည့် သံချက်ဝန်မင်း ဦးမြူက ကြီးကြပ်ပြီး သံပွတ်လုံးမှအစ သံပြား၊ သံလုံး၊ သံမြှောင်များ၊ လက်နက်များပြုလုပ်နိုင်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ်တွင် “လျှပ်စစ်မီးဖြင့် လောကနိဗ္ဗာန်တည်ဆောက်အံ့” **စာမျက်နှာ ၁၄ သို့** ★



Naypyitaw State Polytechnic University ကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား၊ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။



**အမွှေးနံ့သာရည်ပက်ဖျန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

❖ လက်ရှိအချိန်တွင် နိုင်ငံတော်ကအားထားရသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို အရည်အချင်းပြည့်မီစွာမွေးထုတ်ပေးနိုင်ရန်အတွက် Naypyitaw State Polytechnic University နှင့် Polytechnic University (၇)ခု၊ နည်းပညာတက္ကသိုလ် (၂၇)ခု၊ ကွန်ပျူတာတက္ကသိုလ်(၁၉)ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်(၁)ခု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(၁)ခု၊ စုစုပေါင်း အင်ဂျင်နီယာပညာရပ်သင်ကြားပို့ချပေးသည့် တက္ကသိုလ်(၅၆)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၊ ယနေ့ဖွင့်လှစ်သည့် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University (၅)ခုကို ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင် ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ် . . .

☆ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ နိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

ဦးဝင်းဇော်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို တက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည်မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် “အင်ဂျင်နီယာနှစ် ၁၀၀” သီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်မှု၊ "Welcome To NSPU" သီချင်းဖြင့် သရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့်အခမ်းအနားသည် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်မြောက်သော အချိန်ဖြစ်သည့်အပြင် အဆင့်မြင့်သိပ္ပံနဲ့နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်း တက္ကသိုလ်တစ်ခုဖြစ်လာစေမည့် Naypyitaw State Polytechnic University ကို နိုင်ငံ၏မြို့တော် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝသည့် နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်ကြောင်း။

မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များသည် ပျူခေတ်၊ ပုဂံခေတ်မှစပြီး ထွန်းကားခဲ့သည်ကို သမိုင်းအထောက်အထားမှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ ပျူခေတ်မြန်မာ့ဗိသုကာအမွေအနှစ်လက်ရာများကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့်သရေခေတ္တရာမြို့ဟောင်းတို့တွင် အထင်အရှားတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် တည်ထားခဲ့သည့် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရားများတွင် ရှိသည့် ဗိသုကာလက်ရာများသည် မြန်မာတို့၏ ဗိသုကာပညာရပ်အဆင့်အတန်းမြင့်မားမှုကို အထင်အရှားဖော်ပြနေကြောင်း၊ ထို့ပြင် ပုဂံမင်းလက်ထက် အမရပူရမြို့စာရေးဦးပိန် တည်ဆောက်ခဲ့သည့် တစ်မိုင်နီးပါးရှည်လျားသော ဦးပိန်တံတားသည် ကျွန်းသစ်ကိုသာ အသုံးပြုထားသည့် ကမ္ဘာ့အရှည်ဆုံးသစ်သားတံတားတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာတည်ရှိနေကြောင်း။

ရတနာပုံခေတ်တွင် အင်ဂျင်နီယာပညာများ ဖွံ့ဖြိုးတိုးတက်ရာ၌ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီးက ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံ၊ သကြားစက်ရုံ၊ သင်္ဘောစက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံ စသည့် ရတနာပုံခေတ် **စာမျက်နှာ ၁၅ သို့**☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသော ပြခန်းများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing attends ceremonies to mark centenary celebration of Myanmar engineering education and inauguration of Naypyitaw State Polytechnic University




Senior General Min Aung Hlaing addresses the ceremonies to mark the centenary celebration of Myanmar engineering education and the inauguration of the Naypyitaw State Polytechnic University.

NAY PYI TAW November 21

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the ceremonies to mark centenary celebration of Myanmar engineering education and inauguration of Naypyitaw State Polytechnic University at the university this morning..

Also present on the occasion were SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Joint Secretary General Ye Win Oo, council members, union ministers, union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, rectors and pro-rectors from universities, engineering professionals from organizations at home and abroad, invitees, faculty members and students.

At the ceremony, SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Union Minister for Science and Technology Dr Myo Thein Kyaw, Union Minister for Construction U Myo Thant, Chairman of Myanmar Engineering Council Dr Aung Kyaw Myat and Architect Council Chairman U Win Zaw cut the ribbon to open the centenary celebration of Myanmar Engineering Education and the Naypyitaw State Polytechnic University.

The Senior General unveiled the status to mark the centenary celebration of Myanmar Engineering Education and the signboard of the university and posed for documentary photos together with attendees.

The Senior General sprinkled scented water on the plaque of the university.

The Vice-Senior General and attendees also sprinkled scented water on the plaque of the university.

At the assembly hall of the university, the second session of the ceremony followed. The Senior General and attendees enjoyed the dances performed by new generation engineering students with the song of 100 years engineering education and the song of Welcome To NSPU to mark the centenary celebration of Myanmar Engineering Education and the opening of the university.

Speaking on the occasion, the Senior General said that this ceremony was a significant day with auspiciousness coincided with the centenary celebration of Myanmar engineering edu-

See Page - 21 ●●




Senior General Min Aung Hlaing visits a car exhibition booth.



Senior General Min Aung Hlaing visits an exhibition booth.

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# More than 33,000 acres of monsoon sesame harvested in Budalin Township

BUDALIN November 21

The statistics of Budalin Township Agriculture Department stated that a total of 33,505 acres of monsoon sesame has been harvested in Budalin Township of Sagaing Region.

Local authorities earmarked 52,070 acres of monsoon sesame in Budalin Township this monsoon but local farmers planted 53,102 acres of crop exceeding the target. So far, farmers have planted 33.505 acres of monsoon sesame, yielding 18 baskets per acre.

U Phyo Wai, Head of Budalin Township Agriculture Department said: "Local farmers have planted 53,102 acres of monsoon sesame, 33,505 acres of which has been harvested. Our department helped local farmers in expanding sown acreage of sesame, boosting per-acre yield and using GAP system."

This year, agricultural officials educated local farmers to expand sown acreage, use agricultural techniques and use GAP system with quality strains of crops for boosting per-acre yield.

The crops planted in GAP system can fetch good prices at markets at home and broad due to higher quality more than other crops. So, farmers can earn increased incomes in their businesses. **SK**

# Mawlamyinegyun Township sends 66,000 bags of black bean to Yangon market

MAWLAMYINEGYUN November 21

"A total of 66,000 bags of black bean was sent to Yangon market from Mawlamyinegyun Township of Ayeyawady Region," said Daw Thida, the owner of pulses and beans trading in Mawlamyinegyun Township.

Local businesspersons sold 40,000 bags of black bean to Yangon market in August but 66,000 bags in September.

Daw Thida commented: "At present, demand is high to purchase back bean from Mawlamyinegyun Township. Moreover, foreign markets give offers to us for purchasing black bean. So, local businesspersons send black beans to Yangon market which exports it to China as the main trade partner. Now, demand is high at home and abroad to buy black bean from Mawlamyinegyun Township."

At present, black bean fetches Ks-125,000 per bag. So, those in the production chain of black bean are convenient in earning their incomes. **SMK**

# More than 170,000 acres of monsoon paddy planted in Dedaye Township this monsoon

DEDAYE November 21

"A total of 174,930 acres of monsoon paddy has been planted in Bogale Township of Ayeyawady Region meeting the target cultivation this monsoon," said U Zaw Min Tun, Head of Dedaye Township Agriculture Department.

Local farmers started cultivation of monsoon paddy on 174,930 acres of farmlands in the first week of June. So far, they have completed monsoon paddy on all sown acreage. In this regard, local farmers cooperated with officials of Agriculture Department in growing monsoon paddy, counting for a cent percent.

U Zaw Min Tun emphasized: "Our department helped local farmers make preparations for cultivation of monsoon paddy this monsoon for them to overcome difficulties in cultivation. Moreover, we train them to make natural fertilizers to cut the cost of using fertilizers. So, they completed cultivation of monsoon paddy in all sown acreage."

This monsoon, local farmers used Emahta, Pawsan Ayeyamin, Pakhan, Shwethweyin, GW11-GW-1 and other paddy strains in growing monsoon paddy this year. These paddy strains are aligned with the soil and grasp firm market shares. Efforts are being made to produce more than 100 baskets of paddy per acre.

**SMK**

●● From Page - 21

computer was used during the population census in 1973.

In successive eras, Myanmar engineers and architects have emerged. Yangon city hall was designed by Myanmar architect Sithu U Tin and foreign experts by combining European and Myanmar traditional architecture.

In the 21st Century, the construction of Nay Pyi Taw capital and Hluttaw buildings in Nay Pyi Taw was carried out by Myanmar architects and engineers by decorating them with Myanmar traditional culture and Myanmar architecture. Moreover, Mara Vijaya Buddha statue in the Buddha Park in Dakkhinathiri Township in Nay Pyi Taw is a Bhumiphasa Mudra marble Buddha image and it was successfully built as the world's highest and heaviest marble Buddha image by Myanmar engineers and architects by using the CNC technology. Furthermore, a 8,638-foot long cable-stayed bridge over the Bago river (Thanlyin Bridge-3) was built by Myanmar engineers and the bridge was proudly inaugurated in June, 2024.

In retrospect of the history of Myanmar engineering education, the inauguration of the faculty of engineering at Yangon University in the 1923-1924 academic year amounted to the beginning of the Myanmar engineering education. A civil engineering course was introduced in the 1924-1925 academic year and the faculty was able to produce 25 first Myanmar engineering graduates in 1928.

In 1961, the faculty was moved to the site of the current Yangon Technological University in Gyogone in Insein Township and Mandalay Institute of Technology and Defence Services Technological University in 1991 and 1994 respectively. Yangon University of Compute Science and Pyay Technological University were opened in 1996 and 1998 respectively. In 2002, Myanmar Aerospace Engineering University, the one and only one of its kind in Southeast Asia, and Myanmar Maritime University were opened in 2002.

So far, a total of 56 engineering universities have been opened including Naypyitaw State Polytechnic University and seven other polytechnic universities, 27 technological universities, 19 universities of computer science, one Myanmar Aerospace Engineering University and one Myanmar Maritime University to nurture engineers, architects and computer experts on whom the state can rely. Together with the inauguration of Nay Pyi Taw State Polytechnic University today, five other polytechnic universities are being inaugurated in Kengtung, Panglong, Myeik, Dawei and Maubin simultaneously today.

The term polytechnic university refers to institutions that offer science, technology, engineering, maths, applied sciences and business management courses practically not only for undergraduate students but also for postgraduate ones and have links with practical professional worksites. Polytechnic universities are opened with the aims of offering practical education for careers of students, placing emphasis on modern technology and research development, nurturing skilled technicians and graduates who are needed in worksites and creating opportunities for work experience and cooperation with industries in real world projects. Therefore, polytechnic universities are institutions that offer courses on multiple disciplines and opportunities for comprehensive research not only for undergradutes but also for postgraduates.

Government Technological College (Nay Pyi Taw) was upgraded into Nay Pyi Taw Technological University on 1 November, 2022 with the aims of nurturing increasing numbers of high-quality human resources and engineers who are necessary for the state and development of the country and contributing to socioeconomic development of regions and states and the people.

The college was inaugurated with six engineering majors in the 2022-2023 academic year and an agricultural engineering major was added in the 2023-2024 academic year. It has been upgraded into Naypyitaw State Polytechnic University, offering not only engineering courses but also computer science and computer technology courses.

Naypyitaw State Polytechnic University was established with the aim of becoming one of the country's top universities, similar to Yangon Technological University and Yangon University of Computer Studies. It was expanded to include seven engineering specialized departments, four computer science specialized departments, five other supportive departments, and a total of 16 teaching departments.

At present, seven types of engineering specializations and two types of computer specializations are offered, making a total of nine degrees. Annually, 270 engineering students and 120 computer science students are enrolled, totaling 390 students. Engineering specialization is taught for five years, and computer science specialization for four years. The university is working to become a Smart University and plans to expand its specialized fields and postgraduate degree programs to match international polytechnic institutions. It also aims to conduct research benefiting the country.

The government has built Naypyitaw State Polytechnic University to provide engineering and computer science professionals needed for the nation's development. At present, the university is continuously working to improve the environment, making it more beautiful, clean, and accessible. Efforts must be made for the new generation of engineers produced by the university to become professionals capable of keeping abreast of their counterparts in the regional countries.

Throughout Myanmar's history, we honor and deeply appreciate the ancient scholars and architects who elevated the country's traditional engineering and architectural heritage, bringing pride and prestige to the nation. Furthermore, it was emphasized that in commemoration of the 100 years of engineering education in Myanmar and to ensure its continuous growth and development for centuries to come, alumni, engineering professionals, managers, teachers, and students must work hand in hand with unity and determination. This collective effort will help advance the nation's interests and benefit its progress.

Afterward, the Senior General, along with the attendees of the ceremony, watched and appreciated a documentary on the history of engineering education in Myanmar.

Following this, Dr. Myo Thein Kyaw, Union Minister for Science and Technology, presented a commemorative gift to the Senior General in honor of the centennial celebration of Myanmar's engineering education.

Afterward, the Senior General and party warmly greeted the attendees of the ceremony, including teachers, lecturers, and students.

The Senior General and the attendees enthusiastically toured the engineering history exhibition halls, technology exhibition booths, and displays presented by various ministries and organizations.

Naypyitaw State Polytechnic University was established to produce the skilled human resources in engineering and computer technology required for the nation's development projects. This transformation and expansion from Naypyitaw Technological University to Naypyitaw State Polytechnic University was made possible under the guidance of Senior General Min Aung Hlaing, Chairman of the State Administration Council Prime Minister. The university's fundamental infrastructure, including classrooms, laboratories, and workshops, was meticulously constructed under the close supervision of experienced engineers from the Ministry of Science and Technology, ensuring an environment that is both harmonious with nature and conducive to comfortable learning. The university has been equipped with adequate facilities and teaching aids, comparable to international universities, to support students during their studies. Additionally, sports grounds, recreation centers, and other facilities have been established to ensure students fully enjoy their university life. The campus is also designed with lush greenery, decorative ponds, and peaceful relaxation areas, creating a serene and refreshing environment for students.

Along with the establishment of Naypyitaw State Polytechnic University, Polytechnic Universities have also been opened in Kengtung, Panglong, Myeik, Dawei, and Maubin simultaneously. Efforts are underway to transform Naypyitaw State Polytechnic University into a Smart University, comparable to international polytechnic institutions, by expanding specialized fields and postgraduate degree programs. Furthermore, steps are being taken to conduct research beneficial to the country, ensuring continuous progress in these areas. 100




The Naypyitaw State Polytechnic University.

●● From Page - 18

cation and the inauguration of Naypyitaw State Polytechnic University which will be a top university in the country in the modern science and technological sector.

According to the historical evidences, Myanmar's engineering and architectural techniques have been flourishing since Pyu and Bagan eras. Myanmar's architectural heritages can be seen in Pyu era's ancient Beikthanoe, Hanlin and Sri Ksetra cities. High architectural works of Myanmar are visible at Ananda,Thatbyinnyu and Dhammayan temples in Bagan era. A one-mile U Bein bridge built by clerk U Bein using teak only in Amarapura in the reign of King Bagan is a world's largest wooden bridge.

Development of engineering technology in Yadanabon era was based on establishment of coin factory, indigo factory, sugar mill, shipbuilding factory, wool factory and loom by Prince Kanaung, the younger brother of King Mindon from 1858 to 1874. Maung Shwe Oh obtained the master degree from the Central Arts University in Paris of France in 1866 in addition to the civil engineering degree. In 1867, as he submitted a paper on glass melting, he became the first-ever engineer of Myanmar because he was appointed as the glass milting officer. In 1866, Yaw Mingyi U Bo Hlaing constructed the Yaw Mingyi Brick Monastery in Mandalay, inspired by Italian hotel designs. In 1869, he wrote the "Lipidipika Treatise" on the Myanmar telegraphic technique, and by 1870, he began installation of Myanmar telegram lines.



Senior General Min Aung Hlaing views a documentary on engineering education.



Senior General Min Aung Hlaing hears report by an official.

In 1872, a delegation led by Kinwun Mingyi visited Britain and other European countries to study Western educational systems, administration, and infrastructure development, including road and bridge construction. By 1874, the construction of the Sagaing Iron Furnace was commenced, overseen by U Myu, an iron furnace officer who had studied iron melting technology in France. The furnace was capable of producing items ranging from iron rods and plates to cannonballs and weapons.

After regaining independence, 84-MW No. 2 Lawpita Hydropower Plant was constructed in 1960 under the slogan "Let's Build Nirvana in the World" and its generation capacity was boosted to 168 MW in 1974. In the early 1970s, the universities' computer centre was established and an ICL-1902S mainframe computer was installed as the first computer in Myanmar. The

See Page - 20 ●●



Vice-Senior General Soe Win, union ministers and officials cut the ribbon to open the centenary celebration of Myanmar Engineering Education and the Naypyitaw State Polytechnic University.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ထိန်းသိမ်း ကန်ဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် လှူဒါန်းပေးခဲ့ကြသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန်  နိုဝင်ဘာ  ၂၁

"ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး"အတွက် ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်း ကန်ဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရေကန်အလှူရှင်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ပြုလုပ်သည့်အခမ်းအနားတွင် ပူးပေါင်းဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရေကန်တစ်ကန်ချင်းစီအလှူရှင် ၂၁ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်မည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ၁၀၀ ရာနှုန်းဆောင်ရွက်ပြီးစီးသော ရေကန် ၄၅ ကန်နှင့် ဆောင်ရွက်ဆဲရေကန်ငါးကန်ရှိပြီဖြစ်ကြောင်း၊ ဆက်လက်၍ မတူးဖော်ရသေးသော ရေကန် ၃၄ ကန်ကို ကန်ဆယ်တူးဖော်သွားမည်ဖြစ်ကြောင်း။

အလှူငွေများ လှူဒါန်းပေးသော အလှူရှင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရေလမ်းကြောင်းများဖော်ထုတ်နေမှုအခြေအနေနှင့် ရေကန်များအား ပြုပြင်ထိန်းသိမ်းတူးဖော် ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို Power Point၊ Video Short Clip များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တူးဖော်ရန် ရေကန်တစ်ကန်ချင်း လှူဒါန်းခဲ့သည့် အလှူရှင် ၂၁ ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံနှင့် ရေကန်ဆိုင်ရာအချက်အလက်များကိုပေးအပ်ရာ အလှူရှင်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တိပိဋကပါဠိ မြန်မာအဘိဓာန်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အန္တရာယ်ကင်းပရိတ်တော်များ ပုံနှိပ်ထုတ်ဝေနေမှုများကို ပြည်ထောင်စုဝန်ကြီးက Video မှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဖြဝ)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ပင်လုံမြို့၊ POLYTECHNIC UNIVERSITY (PANGLONG) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တာဝန်ရှိသူများက မအူပင်မြို့၊ POLYTECHNIC UNIVERSITY (MAUBIN) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-မြင့်မိုရ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများက မြိတ်မြို့၊ POLYTECHNIC UNIVERSITY (MYEIK)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ထားဝယ်မြို့၊ POLYTECHNIC UNIVERSITY (DAWEI) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ကျော်ကျော်လတ်

● ကျောဖုံးမှအဆက်

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲဆိုင်းဘုတ်များအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက Polytechnic University ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက Polytechnic University များ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အဆိုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက Polytechnic University များ၏ အချက်အလက်များနှင့် ကျောင်းသား၊ ကျောင်းသူများ ဆောင်ရွက်ထားရှိသည့် Product Show ပြခန်းများ၊ ဘာသာရပ်ဆိုင်ရာ Project ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

SPECIAL REPORTS ON RUSSIA-UKRAINE CONFLICT

# ရုရှားက ယူကရိန်းကို တိုက်ချင်းပစ်ဒုံးကျည်ဖြင့် ပထမဆုံးအကြိမ်ပစ်ခတ်



ရုရှားက ယူကရိန်းနဲ့ပဋိပက္ခဖြစ်ပွားနေတဲ့ကာလတစ်လျှောက်မှာ ပထမဆုံးအနေနဲ့ တိုက်ချင်းပစ်ဒုံးကျည်အသုံးပြုပြီး ပစ်ခတ်တိုက်ခိုက်မှုလုပ်ဆောင်လိုက်တယ်လို့ ယူကရိန်းစစ်ဘက်ကထုတ်ပြန်ထားပါတယ်။

ရုရှားနဲ့ယူကရိန်းတို့ကြားမှာ တင်းမာမှုတွေ တဖြည်းဖြည်းမြင့်တက်လာမှုရဲ့ နောက်ဆုံးအခြေအနေအဖြစ် အခုလိုမျိုး တိုက်ခိုက်မှုဖြစ်ပေါ်လာတာပါ။

နိုဝင်ဘာလ ၂၁ ရက်မှာ ရုရှားက ယူကရိန်းနိုင်ငံတောင်ပိုင်း နီပရိုမြို့ကို Kh–101 အနိမ့်ပျံဒုံးကျည်ခုနစ်စင်းနဲ့အတူ RS–26 Rubezh တိုက်ချင်းပစ်ဒုံးကျည်ကိုပစ်လွှတ်လိုက်တာပါ။ အဲဒီဒုံးကျည်မှာတော့ နျူကလီးယားထိပ်ဖူး တပ်ဆင်ထားခြင်းမရှိဘူးလို့ ယူကရိန်းဘက်ကထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ရုရှားက ပစ်လွှတ်လိုက်တဲ့ဒုံးကျည်တွေထဲကမှခြောက်စင်းကို ယူကရိန်းဘက်က ပစ်ချလိုက်နိုင်ပေမယ့် RS–26 Rubezh တိုက်ချင်းပစ်ဒုံးကျည်ကိုတော့ ကြားဖြတ်ဟန့်တားခြင်းငှာ မစွမ်းသာခဲ့ပါဘူးဆိုပြီး ယူကရိန်းတာဝန်ရှိသူတွေက ပြောထားပါတယ်။

RS–26 Rubezh ဒုံးကျည်က ကီလိုမီတာ ၆၀၀၀ အထိပျံသန်းရောက်ရှိနိုင်စွမ်းရှိတဲ့ ဒုံးကျည်အမျိုးအစားဖြစ်ပါတယ်။ တချို့ကကျတော့ အဲဒီဒုံးကျည်ကို တိုက်ချင်းပစ်ဒုံးကျည်လို့မသတ်မှတ်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူ့ရဲ့အကွာအဝေးက တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းအဖြစ်သတ်မှတ်ထားတဲ့အကွာအဝေးအောက်ကိုသာသွားနိုင်တာကြောင့်လို့ဆိုပါတယ်။

သို့သော် ရုရှားနဲ့အမေရိကန်နိုင်ငံတို့ကြား ၂၀၁၀ ပြည့်နှစ်မှာလက်မှတ်ထိုးထားတဲ့ လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်မှာ ကီလိုမီတာ ၅၅၀၀ အထက်ကျော်လွန်သွားနိုင်တဲ့ အမြင့်ပျံဒုံးကျည်မှန်သမျှကို တိုက်ချင်းပစ်ဒုံးကျည်အဖြစ်သတ်မှတ်တယ်လို့ ဖော်ပြထားပါတယ်။

ရုရှားရဲ့တိုက်ခိုက်မှုကြောင့် ယူကရိန်းဘက်မှာ နှစ်ဦးဒဏ်ရာရရှိသွားတယ်လို့ သိရပါတယ်။ ရုရှားဘက်ကအခုလိုတိုက်ခိုက်တာဟာ ယူကရိန်းက အမေရိကန်ရဲ့ ATACMS တာဝေးပစ်ဒုံးကျည်အသုံးပြုပြီး ရုရှားနိုင်ငံအတွင်းပိုင်းရှိပစ်မှတ်ကိုတိုက်ခိုက်ပြီးနောက် ထွက်ပေါ်လာတာဖြစ်ပါတယ်။

ယူကရိန်းရဲ့တိုက်ခိုက်မှုအပြီးမှာ ရုရှားက နျူကလီးယားလက်နက်အသုံးပြုမှုမူဝါဒကို အသစ်ပြန်လည်ပြင်ဆင်ပြီးသတ်မှတ်လိုက်တာရှိပါတယ်။ အဲဒီမူဝါဒအရဆိုရင် ယူကရိန်းကိုကူညီပေးနေတဲ့ အမေရိကန်အပါအဝင် အနောက်အုပ်စုဟာ ရုရှားရဲ့တရားဝင်ပစ်မှတ်တွေဖြစ်လာနိုင်တာကို တွေ့ရပါတယ်။

RS–26 Rubezh ဆိုတာက နျူကလီးယားထိပ်ဖူးတပ်ဆင်ပြီး ပစ်ခတ်နိုင်တဲ့ ဒုံးကျည်အမျိုးအစားပါ။ ဒါပေမဲ့ ယူကရိန်းကိုအခုပစ်ခတ်မှုမှာ နျူကလီးယားထိပ်ဖူးတပ်ဆင်ထားခြင်းမရှိတဲ့အတွက် သတိပေးပစ်ခတ်တဲ့သဘောမျိုးလောက်သာဖြစ်တာကိုလည်းတွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ ယူကရိန်းဘက်က နောက်ထပ် ATACMS ဒုံးကျည်တွေအသုံးပြုပြီး ရုရှားနိုင်ငံအတွင်းပိုင်းကိုပစ်ခတ်လာဦးမယ်ဆိုရင် အဲဒီတစ်ကြိမ်မှာတော့ ရုရှားဘက်ကနေ နျူကလီးယားထိပ်ဖူးတပ်ဆင်ထားတဲ့ဒုံးကျည်ကို အသုံးပြုလာနိုင်ဖွယ်ရှိပါတယ်။

Ref: RT

K.H

# အမေရိကန်က နျူကလီးယားလက်နက်များကိုအသုံးပြုရန် အသင့်ပြင်ဆင်ထားဟုဆို




အမေရိကန်နိုင်ငံအနေနဲ့ လိုအပ်လာပါက နျူကလီးယားလက်နက်များကိုအသုံးပြုဖို့အတွက် အသင့်ပြင်ဆင်ထားတယ်လို့ အမေရိကန်မဟာဗျူဟာကွပ်ကဲမှုဌာနချုပ် (STRATCOM)မှ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး သောမတ်ဘူချာနန်က ပြောပါတယ်။

တကယ်လို့များ နျူကလီးယားလက်နက်နဲ့အပြန်အလှန်တိုက်ခိုက်မှုဖြစ်လာပြီဆိုရင်တောင်မှ အမေရိကန်ကအဟန့်အတားတစ်ခုအနေနဲ့ နျူကလီးယားလက်နက်တချို့ကို ဆက်လက်ထိန်းသိမ်းထားဦးမှာဖြစ်တယ်လို့လည်း ရေတပ်ဗိုလ်ချုပ်ကြီးကဆက်ပြောပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်အနေနဲ့ နျူကလီးယားလက်နက်နဲ့အပြန်အလှန်တိုက်ခိုက်မှုမျိုးဖြစ်စေမယ့် ပတ်ဝန်းကျင်အခြေအနေကို လိုလားခြင်းမရှိဘူးဆိုပြီး ပြောထားပါသေးတယ်။

ဒါပေမဲ့ အမေရိကန်ဟာ ရုရှားနဲ့နျူကလီးယားထိပ်တိုက်တွေ့ဆုံမှုဖြစ်လာစေနိုင်တယ်ဆိုတာကို တွေးမိလျက်သားနဲ့ ယူကရိန်းကို သူတို့ရဲ့တာဝေးပစ်ဒုံးကျည်တွေနဲ့ ရုရှားနိုင်ငံအတွင်းပိုင်းအထိပစ်ခတ်ခွင့်ပြုထားတာကိုပြန်ကြည့်ရင် အပြောတစ်မျိုး အလုပ်တစ်မျိုးပုံစံဖြစ်နေတာတွေ့ရပါတယ်။

ရုရှားကတော့ နျူကလီးယားလက်နက်အသုံးပြုမှုမူဝါဒအသစ်ကိုပြဋ္ဌာန်းပြီး ရုရှားနိုင်ငံအနေနဲ့ သူ့အပေါ်ခြိမ်းခြောက်လာစေနိုင်တဲ့အခြေအနေမျိုးမှာ နျူကလီးယားလက်နက်ကို အသုံးပြုခွင့်ရှိတယ်ဆိုပြီး ပြဋ္ဌာန်းချက်မှာဖော်ပြထားတာကိုတွေ့ရပါတယ်။

Ref: RT

K.H

# ယူကရိန်းမှ ဗြိတိန်ထုတ်တာဝေးပစ်ဒုံးကျည်ကို ရုရှားကကြားဖြတ်ပစ်ချ

ပြီးခဲ့တဲ့ ၂၄ နာရီအတွင်း ယူကရိန်းဆီကနေပစ်လွှတ်လိုက်တဲ့ ဗြိတိန်နိုင်ငံထုတ် တာဝေးပစ်ဒုံးကျည်နှစ်စင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ပစ်ချလိုက်တယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၂၁ ရက်မှာ ထုတ်ပြန်ထားပါတယ်။

ယူကရိန်းဘက်ကပစ်ခတ်လိုက်တဲ့ ဒုံးကျည်ဆိုတာက Storm Shadow အမည်ရှိဒုံးကျည်ပါ။ အဲဒီလိုပစ်ခတ်လိုက်တယ်ဆိုတဲ့အကြောင်းကိုလည်း ဗြိတိန်သတင်းဌာနကြီးတစ်ခုက အတိအလင်းတင်ထားပါတယ်။

ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က အဲဒီဒုံးကျည်တွေကိုဘယ်ဒေသမှာ ကြားဖြတ်ပစ်ချလိုက်တယ်ဆိုတာ မထုတ်ပြန်ထားပေမယ့် ဗြိတိန်သတင်းဌာနကတော့ ရုရှားရဲ့ခုရ(စ်)ဒေသမှာရှိတဲ့ ပစ်မှတ်များဆီဦးတည်ပစ်ခတ်လိုက်တာလို့ ဖော်ပြထားတာတွေ့ရပါတယ်။

အမေရိကန်က သူတို့ရဲ့တာဝေးပစ်ဒုံးကျည်တွေကို ရုရှားနိုင်ငံအတွင်းပိုင်းအထိတိုက်ခိုက်ရာမှာ အသုံးပြုခွင့်ပေးလိုက်ပြီးနောက် ယူကရိန်းက ATACMS ဒုံးကျည်တွေနဲ့ ရုရှားကိုပစ်ခတ်ပါတယ်။ ပြီးနောက်မကြာမီမှာပဲ ဗြိတိန်ကအမေရိကန်ရဲ့ခြေလှမ်းအတိုင်း လိုက်ပါလျှောက်လှမ်းလိုက်တာလို့ ယူဆရပါတယ်။ ဒါကြောင့်လည်း ယူကရိန်းက ဗြိတိန်နိုင်ငံထုတ် Storm Shadow ဒုံးကျည်တွေကို ရုရှားနိုင်ငံထဲကို ပစ်ခတ်လိုက်တာပါ။

လက်ရှိအချိန်မှာ အမေရိကန်နဲ့ဗြိတိန်တို့က သူတို့အနေနဲ့ ဒီလိုမျိုးတရားဝင်ပစ်ခတ်ခွင့်ပေးလိုက်တယ်လို့ ဘယ်သူကမှ မပြောကြသေးပေမယ့် ယူကရိန်းနိုင်ငံဆိုတာမျိုးက အဲဒီလက်နက်တွေထောက်ပံ့ပေးထားတဲ့ နိုင်ငံကြီးတွေရဲ့ခွင့်ပြုချက်မရဘဲ ဒီလိုမျိုးပစ်ခတ်မှာမဟုတ်ဘူးလို့သိရပါတယ်။

Ref: RT

K.H

# ဟန်ဂေရီက လေကာစနစ်များကို ယူကရိန်းနယ်စပ်၌ဖြန့်ကြက်

NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဟန်ဂေရီနိုင်ငံက သူတို့ရဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်တချို့ကို ယူကရိန်းနယ်စပ်မှာဖြန့်ကြက်ချထားတယ်လို့ ကာကွယ်ရေးဝန်ကြီးကထုတ်ပြန်ကြေညာလိုက်ပါတယ်။

ကာကွယ်ရေးကောင်စီအစည်းအဝေးကျင်းပပြီးနောက် ဝန်ကြီးကအခုလိုမျိုးထုတ်ပြန်ကြေညာလိုက်တာဖြစ်ပြီး ဒီလိုမျိုးလုပ်ဆောင်ရခြင်းဟာ အရေးပေါ်ဆောင်ရွက်ချက်တစ်ခုဖြစ်တယ်လို့ သူကပြောထားပါတယ်။

လက်ရှိအချိန်မှာ ရုရှားနဲ့ယူကရိန်းတို့ကြားကတင်းမာမှုတွေက ပိုမိုမြင့်တက်လာနေတာဖြစ်တဲ့အတွက် ဖြစ်ပေါ်လာနိုင်တဲ့ ဘယ်လိုအခြေအနေမျိုးအတွက်မဆို ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ မကြာသေးခင်က ဝယ်ယူထားတဲ့ လေကာစနစ်တွေကို နိုင်ငံအရှေ့မြောက်ပိုင်းမှာ ဖြန့်ကြက်ချထားဖို့ ကာကွယ်ရေးဝန်ကြီးကအမိန့်ပေးလိုက်တာပါ။ ဒါပေမဲ့လည်း ဟန်ဂေရီနိုင်ငံက ငြိမ်းချမ်းစွာဖြေရှင်းရေးကိုသာ အားပေးပါတယ်လို့ဆိုပါတယ်။

Ref: RT

K.H



# မြစ်ကြီးနားမြို့နှင့် ဒလမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရန်အောင်မြင်ဘုမ္မောကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ပင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိညောင်ပင်ကျောင်းတိုက်၌



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုစဉ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မော်လမြိုင်ကျွန်း၊ အောင်လံမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းရန်တပ်သားသစ်များအဖြစ် လူငယ်(၂၀)နီးပါးကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ပေါ်တွင် နိုဝင်ဘာလ ၂၀ ရက်က ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်အမျိုးသား၊ အမျိုးသမီး ၇၀ ဦးခန့်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများအား မည်သည့်အကြောင်းနှင့်မျှ ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်ရန်အတွက် မိမိဆန္ဒအလျောက် လာရောက်ဆန္ဒပြုသူများ အများအပြားရှိပြီး လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၆)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်းများကို ခေါ်ဆောင်ခြင်းမရှိသေးကြောင်း၊ လူငယ်များ၊ လမ်းသွားလမ်းလာများကိုလည်း ပေါ်တာဆွဲဖမ်းဆီးခြင်းများမရှိကြောင်းနှင့်ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါသတင်းများသည် ပြည်သူများစိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန်ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်းသိရှိရသည်။

(၁၀၀)

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၃ ဒီဂရီဖာရင်ဟိုက်မှ ၆၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၂ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၃ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွဖန်တီးတည်ဆောက်ကြပါစို့

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် "အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်နှင့် Engineering Education and Technology Forum ကို Naypyitaw State Polytechnic University ၌ နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းကြောင်း၊ ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာမှုကို လေ့လာသိရှိနိုင်ရန် သမိုင်းပြခန်းများ၊ စာတမ်းဖတ်ကြားမှုများနှင့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ ပရောဂျက်ပြပွဲများမှတစ်ဆင့် မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသားလူငယ်များ အင်ဂျင်နီယာနည်းပညာဆိုင်ရာ ဗဟုသုတများရယူနိုင်ရန် ရာပြည့်သဘင်အခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။


ဒေါက်တာစိုးလင်းအောင်


ဦးခင်မောင်ဌေး


ဦးမျိုးဝင်း


ဦးထက်မြက်အောင်

**ဒေါက်တာစိုးလင်းအောင်**
**တာဝန်ခံပါမောက္ခချုပ်**
**Naypyitaw State Polytechnic University**

ရာပြည့်အခမ်းအနားမှာ သမိုင်းစဉ်တစ်လျှောက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြတဲ့ သမိုင်းမှတ်တမ်းတွေသာမက အရင်ခေတ်တွေက မြန်မာနိုင်ငံမှာ အင်ဂျင်နီယာနဲ့ ဗိသုကာဘာသာရပ်ထွန်းကားမှုတွေ၊ အင်ဂျင်နီယာ၊ ဗိသုကာဘာသာရပ်နဲ့ ပတ်သက်တဲ့ အမွေအနှစ်တွေ၊ အစဉ်အဆက် ဆောင်ရွက်ခဲ့ကြတဲ့ အင်ဂျင်နီယာကြီးတွေဆီက အနာဂတ်မျိုးဆက်သစ်တွေအတွက် စံနမူနာယူစရာ၊ အတုယူစရာတွေနဲ့ ဒီထက် ပိုမိုကောင်းမွန်တဲ့ ကြိုးစားအားထုတ်မှုတွေ ရရှိလာစေဖို့ရည်ရွယ်ပြီး ဒီအခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်။

ရာပြည့်အခမ်းအနားမှာ အဓိကအားဖြင့် Engineering Education and Technology Forum ကို အပိုင်းငါးပိုင်းနဲ့ ကျင်းပမှာဖြစ်ပါတယ်။ ပြီးတော့ Engineering Festival မှာဆိုရင် Activities တွေအနေနဲ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (Quiz)၊ Hackathon၊ Esports၊Talk show၊ Engineering Battle တွေပါဝင်မှာဖြစ်ပါတယ်။ အင်ဂျင်နီယာသမိုင်းပြခန်း၊ Digital Transformation and AI ပြခန်းစတဲ့ နည်းပညာပေါင်းစုံနဲ့ ပတ်သက်တဲ့ Project Show ပြခန်းတွေ ပါဝင်မှာဖြစ်ပါတယ်။

**ဦးခင်မောင်ဌေး**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ပွဲက အင်ဂျင်နီယာပညာရပ် ဖြစ်ပေါ်တိုးတက်လာတဲ့ အဆင့်ဆင့်သော သမိုင်းကြောင်းကိုပေါ်လွင်အောင်ပြသနိုင်တဲ့ပွဲဖြစ်ပါတယ်၊ ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ Polytechnic University က ကျောင်းသား၊ ကျောင်းသူတွေကို Student Members အသင်းဝင်အဖြစ်လက်ခံသွားမယ်။ ပြီးတော့ ကျောင်းသား၊ ကျောင်းသူတွေ သိသင့်သိထိုက်တဲ့ အင်ဂျင်နီယာပညာရပ်တွေနဲ့ ပတ်သက်ပြီး အသိပညာတွေ ဟောပြောဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအတွက် အကျိုးရှိစေမှာပါ။ ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ အင်ဂျင်နီယာပညာရပ်နဲ့ ပတ်သက်တဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးမျိုးဝင်း (ပြပွဲလာရောက်ပြသသူ)**
**မန်နေဂျာ၊ MATM Motor**

EV ကဏ္ဍဟာ မြန်မာနိုင်ငံမှာ နည်းပညာနဲ့ပတ်သက်တဲ့ အဆင့်မြင့်ကဏ္ဍတစ်ခုကို ဦးတည်လျှောက်လှမ်းနေပါပြီ။ ဒီနေ့လို သိပ္ပံနည်းပညာကဏ္ဍနဲ့ပတ်သက်တဲ့ အခမ်းအနားမှာ EV Car တွေကိုလာရောက်ပြသတာဖြစ်ပါတယ်။ အခုခေတ်မှာ နည်းပညာနဲ့ ပတ်သက်တာတွေကို ဆန်းသစ်ကြတဲ့အခါ သဘာဝပတ်ဝန်းကျင်ကိုလည်း အလေးထားလာကြပါတယ်။ အခု ဒီပွဲမှာဆိုရင် အနာဂတ်မြန်မာနိုင်ငံရဲ့ သိပ္ပံနည်းပညာကဏ္ဍရဲ့ ခေါင်းဆောင်တွေဖြစ်လာမယ့်ကျောင်းသား၊ ကျောင်းသူတွေဟာ EV Car ရဲ့ ထုတ်လုပ်မှု ဒီဇိုင်းတွေကို လာရောက်လေ့လာကြပါတယ်။ ကျောင်းသား၊ ကျောင်းသူအများစုက EV Car ရဲ့ ဘက်ထရီအစိတ်အပိုင်းနဲ့ ပတ်သက်တာ၊ အာမခံချက်ပေးတဲ့အပိုင်းတွေ၊ အပိုပစ္စည်းထုတ်လုပ်မှုအပိုင်းတွေ စတဲ့အကြောင်းအရာတွေကို စိတ်ဝင်တစားမေးမြန်းကြပါတယ်။

**ဦးထက်မြက်အောင် မန်နေဂျာ**
**HITACHI SOE ELECTRONIC &**
**MACHINERY CO.,LTD.**

ဒီနေ့ပြပွဲမှာ နည်းပညာအသစ်ဖြစ်တဲ့ Transformer တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ ဒီ Transformer တွေကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်က နိုင်ငံသားအင်ဂျင်နီယာတွေနဲ့ နည်းပညာအဆင့်မြင့်မားစွာ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နည်းပညာအသစ်တွေကို စဉ်ဆက်မပြတ်တိုးတက်အောင်လုပ်ဆောင်နေပြီး ဒီလိုပြပွဲတွေကနေ အသိပညာတွေ ဖြန့်ဝေပေးနေပါတယ်။ မြန်မာနိုင်ငံမှာပဲ ဒီလိုနည်းပညာအမြင့်တွေနဲ့ ထုတ်လုပ်နိုင်တယ်ဆိုတာကို အင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ စိတ်ဝင်တစားလာရောက်လေ့လာကြတယ်၊ လေ့လာပြီးတော့ သိချင်တာတွေကိုလည်း အသေးစိတ်မေးမြန်းကြပါတယ်။


မောင်အောင်မင်းခန့်


မောင်ကြည်စင်သိန်း

**မောင်အောင်မင်းခန့်**
**စတုတ္ထနှစ်ကျောင်းသား၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**

ကျွန်တော်တို့ တက္ကသိုလ်အနေနဲ့ Virtual Campus to Smart Campus ဆိုတဲ့ ခေါင်းစဉ်အောက်က Project တစ်ခုဖန်တီးထားတာဖြစ်ပါတယ်။ ဒါကို လုပ်ဆောင်တာ ခြောက်လလောက် ရှိပါပြီ။ ဒီ Project ကနေ Energy Consumption စွမ်းအင်သုံးစွဲမှုကိုလျှော့ချနိုင်မယ်။ Power Saving ဖြစ်မယ်။ အင်တာနက်ရှိရုံနဲ့ အခက်အခဲမရှိ Smart ကျတဲ့ ဘဝနေထိုင်မှုပုံစံကို ရရှိနိုင်မှာဖြစ်ပါတယ်။

**မောင်ကြည်စင်သိန်း**
**စတုတ္ထနှစ်ကျောင်းသား၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

အခုလို ရာပြည့်အခမ်းအနားမှာ ကျောင်းသားတစ်ဦးအနေနဲ့ ပါဝင်ဆင်နွှဲခွင့်ရတာ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ MSME နဲ့ ပတ်သက်တဲ့ Project ကို လာရောက်ပြသတာဖြစ်ပါတယ်။ ဒီ Project ကို Web portal အနေနဲ့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ MSME ကဏ္ဍအောက်က စိုက်ပျိုးရေး၊ မွေးမြူရေး စတဲ့ကဏ္ဍတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အကျိုးကျေးဇူးတွေရရှိမယ့် အချက်အလက်တွေ ရရှိနိုင်ပါတယ်။ ပြီးတော့ ရောဝတီတိုင်းဒေသကြီးရဲ့ ထုတ်ကုန်တွေ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကိုလည်း လေ့လာနိုင်ပါတယ်။ ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ Project ကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်လိုပါတယ်။

**အင်တာဗျူး- ဝင်းဝင်း**
**ဓာတ်ပုံ- ကိုကြီးထိန်(MNA)**

# ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**သထုံ နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဝင်ခွင့်ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင့်သီတာဇော်က ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ သင်ကြားသင်ယူမှုစနစ်များ၊ ဘာသာရပ်များ၊ ဖွဲ့စည်းထားရှိမှုများ စသည်တို့ကိုရှင်းလင်း၍ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တက္ကသိုလ်ပညာရေးအဖွဲ့နှင့် မိတ်ဆက်ပေးကာ ပထမနှစ်(ပထမနှစ်ဝက်)၌ သင်ကြားပေးကြမည့် ဘာသာရပ်သင် ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် တစ်ဦးချင်း မိတ်ဆက်ပေးကြသည်။

ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ကွန်ပျူတာသိပ္ပံနှင့်ကွန်ပျူတာနည်းပညာဘွဲ့သင်တန်းများကို ပထမနှစ်မှ ပဉ္စမနှစ်အထိ ဖွင့်လှစ်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၆၀ ကျော် အေးချမ်းစွာ တက်ရောက်လျက်ရှိပြီး ဆရာ၊ ဆရာမ ၃၈ ဦးတို့က သင်ကြားပေးလျက်ရှိသည်။

အဆိုပါနေ့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကွန်ပျူတာတက္ကသိုလ်(သထုံ)သို့ ဝင်ခွင့်ရရှိခဲ့ကြသည့် မောင်မယ်သစ်လွင် ၁၁၉ ဦးတို့အား ကြိုဆိုခဲ့ကြကြောင်း သိရသည်။

(၄၀၆)




INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
JBL
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၅၅)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အညွှန်းအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားအထိမ်းအမှတ်

## Engineering Education and Technology Forum ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို Naypyitaw State Polytechnic University ၌ ယနေ့နေ့လယ်ပိုင်းတွင် Engineering Education and Technology Forum ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာဥက္ကဋ္ဌ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (The Federation of Engineering Institutions of Asia and the Pacific– FEIAP) ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာအောင်ကျော်မြတ်တို့က keynote speech ပြောကြားကြသည်။

ဆက်လက်၍ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Ir. Dr Tan Yean Chin က Keynote Speech၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ပညာရေးကော်မတီ ဥက္ကဋ္ဌ Prof. Dr. Chuah Hean Teik မလေးရှားက ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားခဲ့ကာ Chair of Committee on Engineering for Innovative Technologies (CEIT), World Federation of Engineering Organization (WFEO) – Prof. Dr. Norlida Buniyamin, မလေးရှားက ချီးကျူးဂုဏ်ပြုစကားများကို Video Clip များဖြင့် အသီးသီးပြောကြားခဲ့သည်။

ယင်းနောက် "အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့" ခေါင်းစဉ်ဖြင့် Pannel Session ကျင်းပရာ The Federation of Engineering Institutions of Asia and the Pacific– FEIAP နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ Engineering Education and Accreditation Committee–EEAC ဥက္ကဋ္ဌ ဒေါက်တာဇော်မင်းအောင်၊ နည်းပညာတက္ကသိုလ်(သန်လျင်)ပါမောက္ခချုပ်ဒေါက်တာသိင်္ဂီနှင့် Moscow Engineering physics Institute မှ Associate Professor Dr. Pliaskin Aleksandr Vladislavovich တို့မှ Pannel Session တွင် အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Forum Parallel Session များတွင် အနာဂတ်အင်ဂျင်နီယာပညာရေး (The Future of Engineering Education)၊ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍ (The Role of Engineers for Myanmar's Sustainable Development)၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု(Green Energy to support Energy Security)၊ နောက်ဆုံးပေါ်နည်းပညာဖွံ့ဖြိုးမှုအရွေ့များ (Most Advanced Technology Trends) နှင့် ဒစ်ဂျစ်တယ်ကူးပြောင်းမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ (Digital Transformation towards the National Development) ဟူသည့် ခေါင်းစဉ်ငါးခုဖြင့် ကျင်းပလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ အင်ဂျင်နီယာပညာရေးအပေါ် ပိုမိုစိတ်ဝင်စားမှုအားကောင်းလာစေရန် Engineering Festival, Project Show နှင့် Product Show များလည်း ထည့်သွင်းကျင်းပသည့်အပြင် Hackathon ပြိုင်ပွဲ၊ e-sport ပြိုင်ပွဲများ၊ Quiz အစီအစဉ်များ၊ Engineering Battle ပြိုင်ပွဲများ တစ်ပြိုင်နက်တည်း ကျင်းပကြောင်း သိရသည်။


(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်းကို ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၂°c / ၃၃°c |
| ရန်ကုန် | ၂၃°c / ၃၄°c |
| မန္တလေး | ၂၂°c / ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ကျောက်မျက်အတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၆၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲရောင်းချရကြောင်း ကြေညာသည်။

ညနေပိုင်းတွင် အုပ်စု(အေ နှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၈၅၀) အထိတင်သွင်းထားသောဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲပဉ္စမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးနိုင်ခဲ့ပြီး အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တွဲကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၇ ရက်အထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။




ဖိုတိုဖိုးနိုင်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လက်ဝတ်ရတနာပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၁၈ ရက်နှင့် ၂၀ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၀၀၀၀) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Golden Dragon Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port၌ ဘားအံမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးနှင့် ကျိုက်ထိုမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Yar Zar Min Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Dong Feng Tractor Head (၂)စီးနှင့်နောက်တွဲယာဉ် (၂)တွဲ၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၀၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၉၉၃၄၄၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၀၃၀၀၄)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိန္ဒိယနိုင်ငံ၊ ဂါယာမြို့သို့ ထွက်ခွာမည့် မြန်မာနိုင်ငံသား ခရီးသည် (၅)ဦး၏ ခန္ဓာကိုယ်အတွင်း သို့ဝှက်သယ်ဆောင်လာသည့် ရွှေဟုယူဆရသော ဟန်းချိန်း(၅)ကုံးအပါအဝင် လက်ဝတ်ရတနာပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၁၅၆၄၄၄)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ **နိုဝင်ဘာလ ၂၀ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီလုံ-ဘားအံလမ်းရှိ ခမရ (၂၀၂) စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ဘားအံမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် ထော်လာဂျီ (၁)စီး၊ Toyota Hiace (၁)စီးနှင့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၇၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MYANMAR Micro Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Joylong Mini Bus (၁)စီး၊ KIA Bongo Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၂၁၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ ကန်ဖျားရပ် ရဲသိပ္ပံလမ်းရှိ ဂိုဒေါင်(၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း ဟန်မြင့်မိုရ်လမ်းဆုံအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၃၈၆/၂)၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၉၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၂၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့်သာကေတမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၄)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နိုဝင်ဘာလ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှုအမှုတွဲ (၃၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၂၆၈၄၄၄၄)** ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် နိုင်ငံတော်မှ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသော ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဖမ်းဆီးရမိခဲ့သည့်အပြင် တရားမဝင် တင်သွင်းမှုများကြောင့်လည်း နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်အခများ အပြည့်အဝမရရှိဘဲ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

(သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း နောက်နှစ်ရက်အတွင်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ၂၃-၁၁-၂၀၂၄ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက်နှစ်ရက်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## သဇင်(FM)အသံလွှင့်အစီအစဉ်


၂၂-၁၁-၂၀၂၄(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၁-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၅.၂ | ၄၁.၄ |
| ပူတာအိုမြို့ | ၉.၃ | ၄၈.၇ |
| ပြင်ဦးလွင်မြို့ | ၉.၇ | ၄၉.၅ |
| တီးတိန်မြို့ | ၁၀.၃ | ၅၀.၅ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၀.၅ | ၅၀.၉ |
| မြစ်ကြီးနားမြို့ | ၁၂.၀ | ၅၃.၆ |

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၃ တန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




နေပြည်တော် နိုဝင်ဘာ ၂၁

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၅ ရက်နေ့ နံနက် ၅ နာရီအချိန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျီကုန်းကျေးရွာလမ်းဆုံတွင် ကလေးဝမှကလေးဘက်သို့ စိန်လွင်မောင်းနှင်ပြီး ချစ်စန်းကို လိုက်ပါလာသည့် FUSO ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကုန်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဘိန်းဖြူ ၅၀ ဒသမ ၆ ကီလိုသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများတင်ပို့ရောင်းချခဲ့ကြသည့် မြင့်နိုင်ဦး(ခ)မောင်စိုးနှင့် ဇော်ဝင်းထွန်း (ခ)နိုင်ဝင်းထွန်း(ခ)နားကားတို့အား မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ ဘရန်မွန်း(ခ)ဇော်တန်အား မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်တွင် လည်းကောင်း၊ ရန်နိုင်အား မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာလ ၅ ရက်နေ့ နံနက် ၁၀ နာရီအချိန် အဆိုပါမူးယစ်ဆေးဝါးများအား ကလေးမြို့တွင် လက်ခံသိုလှောင်၍ မြန်မာ-အိန္ဒိယနယ်စပ်သို့ တင်ပို့ရောင်းချသူများဖြစ်ကြသည့်လားထန်ပွီးယာအား ကလေးမြို့၊ တာဟန်းရပ်ကွက် နယ်မြေ(၁၀)တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၃ တန်နှင့်လည်းကောင်း၊ သောက်နယ်လွယ်(ခ)ပုသောက်အား ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၁၃)ရှိ နေအိမ်မှစိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၄၃ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများတင်ပို့ခဲ့သည့် ဝင်းဌေးအောင်အား ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့၍ ၎င်းတင်ပို့ခဲ့သည့် မူးယစ်ဆေးဝါးများအား လက်ခံသိုလှောင်ထားသည့် လှမိုး(ခ)ဆန်းလွင်အား ကလေးမြို့၊ လှိုင်သာယာရပ်ကွက်ရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား မန္တလေးမြို့တွင် တစ်ဆင့်ပြန်လည်ရောင်းချသူမှာ ရော်ကျိန်ရန်(ခ)အားဟွိုက်ဖြစ်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်းလက်ခံဆောင်ရွက်ပေးသူမှာ ၎င်း၏ဇနီး မအားမိန်ဖြစ်ကြောင်း သိရှိရသဖြင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်နေ စိုးဝင်း၏အစီအမံဖြင့် မူးယစ်ဆေးဝါးများ မန္တလေးတွင် လက်ခံသိုလှောင်ဖြန့်ဖြူးပို့ဆောင်ပေးသူ ရဲဇော်အောင်(ခ)အားဖအား ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိနေအိမ်၌ ဘိန်းဖြူ ၈၉ ဒသမ ၈ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိဘိန်းဖြူ ၁၅၀ ဒသမ ၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၃ တန်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးမြို့သို့သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ကလေးမြို့တွင် သိုလှောင်၍ မြန်မာ-အိန္ဒိယနယ်စပ်တွင် တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများနှင့်ချိတ်ဆက်သယ်ဆောင်ရောင်းဝယ်ခဲ့ကြောင်းနှင့် အလားတူ ထိန်းချုပ်ဓာတုပစ္စည်းများ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းခဲ့ကြသည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင် (၂၁)ဦးအား ဖော်ထုတ်နိုင်ခဲ့၍ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာလ ၂၀ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Hmoe Htin Lin” Facebook အကောင့်နှင့် “Hmoe Htin Lin” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ မှတ်ထင်လင်းအား ည ၆ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာ မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှကောက်နုတ်ချက်)

# ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများကို ယနေ့တွင်ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၂၂ ကော်လံ ၁ ●




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူတစ်ဦးက ကျိုင်းတုံမြို့ POLYTECHNIC UNIVERSITY(KYAING TONG) အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**ဆောင်းပါး**

**မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ နှစ်တစ်ရာခရီး**

စာ - ၈ သို့

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ တန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာ - ၃၀ သို့


## ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ခေတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



